| ဣစ္စေဝမာဒိ | ဤသို့ အစရှိသည်တို့တည်း။ |

(၁) **သဒ္ဓမ္မာ** ကို

သဒ္ဓမ္မ လိင်တည်၊

'မှ' ဟူ၍ အနက်ပေးသောကြောင့် **" အပါဒါန်"** အနက်ကို အလိုရှိရကား **"ဒူရန္တိ,ကဒ္ဓ ကာလ နိမ္မာန, ..."** ဟူသောသုတ်ဖြင့် အပါဒါန် အမည်မှည့်၊

"အပါဒါနေ ပဉ္စမီ" ဟူသောသုတ်ဖြင့်...

အပါဒါန်အနက်၌ ပဉ္စမီဧကဝုစ် 'သ္မာ' ဝိဘတ်သက်၊

သဒ္ဓမ္မ + သ္မာ

"သ္မာ သ္မိံ နံ ဝါ " ဟူသောသုတ်ဖြင့်အကာရန္တမှနောက်ဖြစ်သော 'သ္မာ'ဝိဘတ်ကို 'အာ'ပြု၊

သဒ္ဓမ္မ + အာ

'မ္မ' ခွင်း ၊ ချေ ၊ ကပ်

သဒ္ဓမ္မာ

ကားပြီး၏။

(၂) သဒ္ဓမ္မံ ကို

သဒ္ဓမ္မ လိင်တည်၊

"မှ' ဟူ၍ အပါဒါန်အနက်ကို အလိုရှိအပ်သောကြောင့် **"ဒူရန္တိ,ကဒ္ဓ ကာလ နိမ္မာန, ..."** ဟူသောသုတ်ဖြင့် အပါဒါန်အမည်မှည့်၊

သဒ္ဓမ္မ

"ဒူရန္တိကဒ္ဓကာလ" ဟူသောသုတ်၌ပါသော **'စ'**သဒ္ဒါဖြင့်... ...(နိဿယ)အလို..ဒုတိယာပဉ္စမီနဉ္စသုတ် စသဒ္ဒါဖြင့်

အပါဒါန်အနက်၌ ဒုတိယာဧကဝုစ် 'အံ' ဝိဘတ်သက်၊

သဒ္ဓမ္မ + အံ

ခွင်း ၊ ချေ ၊ ကပ်

သဒ္ဓမ္မံ

ကားပြီး၏။

(၃) သဒ္ဓမ္မေန ကို

သဒ္ဓမ္မ လိင်တည်၊

"မှ' ဟူ၍ အပါဒါန်အနက်ကို အလိုရှိအပ်သောကြောင့် **"ဒူရန္တိကဒ္ဓ ကာလ နိမ္မာန, ..."** ဟူသောသုတ်ဖြင့် အပါဒါန်အမည်မှည့်၊

သဒ္ဓမ္မ

"ဒူရန္တိကဒ္ဓကာလ" ဟူသောသုတ်၌ပါသော 'စ' သဒ္ဒါဖြင့်... ...(နိဿယ)အလို..ကတ္တရိစသုတ် စသဒ္ဒါဖြင့်

အပါဒါန်အနက်၌ တတိယာဧကဝုစ် 'နာ' ဝိဘတ်သက်၊

သဒ္ဓမ္မ + နာ

" အတောနေန" ဟူသောသုတ်ဖြင့် နောက် 'နာ' ဝိဘတ်ကို 'ဧန' ပြု၊

သဒ္ဓမ္မေန

ကားပြီး၏။

**<u>အဒ္ဓနိမ္မာနေ၊</u>**

| | |
|---|---|
| အဒ္ဓနိမ္မာနေ | အခွန့်ကာလကိုနှိုင်းယှဉ်ရာ၌ |
| အပါ ဒါ နံ | အပါဒါန်မည်သည် |
| ဟောတိ | ဖြစ်၏။ |

**ဣတော မထုရာယ စတူသု ယောဇနေသု သင်္ကဿံ နာမ နဂရံ အတ္ထိ ၊**

| | |
|---|---|
| ဣတော မထုရာယ | ဤမထုရာပြည်မှ |
| စတူသု ယောဇနေသု | လေးယူဇနာတို့၌ |
| သင်္ကဿံ နာမ | သင်္ကဿအမည်ရှိသော |
| နဂရံ | ပြည်သည် |
| အတ္ထိ | ရှိ၏။ |

**( 'အဒ္ဓနိမ္မာန' အခွန့်ကိုနှိုင်းယှဉ်ရာဖြစ်သောကြောင့် 'ဣတောမထုရာယ' သည်အပါဒါန်ဖြစ်ရပါသည်)**

**တတ္ထ ဗဟူ ဇနာ ဝသန္တိ ဝစ္စေဝမာဒိ ၊**

| | |
|---|---|
| တတ္ထ | ထိုသက်ဿပြည်၌ |
| ဗဟူ | များစွာကုန်သော |
| ဇနာ | လူတို့သည် |
| ဝသန္တိ | နေကြကုန်သည် |
| ဣဝစ္စေဝမာဒိ | ဤသို့ အစရှိသည်တို့တည်း။ |

**<u>ကာလနိမ္မာနေ၊</u>**

| | |
|---|---|
| ကာလနိမ္မာနေ | ကာလကိုနှိုင်းယှဉ်ရာ၌ |
| အပါဒါနံ | အပါဒါန်မည်သည် |
| ဟောတိ | ဖြစ်၏။ |

**ဣတော ဘိက္ခဝေ ဧကနဝုတိကပ္ပေ ဝိပဿီ နာမ ဘဂဝါ လောကေ ဥဒပါဒိ၊**

| | |
|---|---|
| ဘိက္ခဝေ | ရဟန်းတို့ |
| ဣတော | ဤဘဒ္ဒကမ္ဘာမှ |
| ဧကနဝုတိကပ္ပေ | ကိုးဆယ့်တစ်ကမ္ဘာအထက်၌ |
| ဝိပဿီ နာမ | ဝိပဿီအမည်တော်ရှိသော |
| ဘဂဝါ | မြတ်စွာဘုရားသည် |
| လောကေ | လောက၌ |
| ဥဒပါဒိ | ဖြစ်ထွန်းပွင့်လင်းတော်မူ၏။ |

**( 'ကာလနိမ္မာန' ကာလကိုနှိုင်းယှဉ်ရာဖြစ်သောကြောင့် 'ဣတော' သည်အပါဒါန်ဖြစ်ရပါသည်)**

**ဣတော တိဏ္ဏံမာသာနံ အစ္စယေန ပရိနိဗ္ဗာယိဿတိ ဣစ္စေဝမာဒိ ၊**

| | |
|---|---|
| ဣတော | ဤလမှ |
| တိဏ္ဏံမာသာနံ | သုံးလတို့၏ |
| အစ္စယေန | လွန်သဖြင့် (လွန်သောအခါ၌) |

| | |
|---|---|
| ပရိနိဗ္ဗာယိဿတိ | နိဗ္ဗာန်ယူသိမ်းငြိမ်းတော့အံ့၊ |
| ဣစ္စေဝမာဒိ | ဤသို့ အစရှိသည်တို့တည်း။ |

**(၁၀.၇.၂၀၁၉) ဗုဒ္ဓဟူး**

**<u>တ္တာလောပေ</u> ကမ္မာဓိကရဏေသု၊**

| | |
|---|---|
| တ္တာလောပေ | တ္တာပစ္စယန္တ ကျေရာ၌ |
| ကမ္မာဓိကရဏေသု | ကံအရာ ၊ အာဓာရ အရာတို့၌ |
| အပါဒါန် | အပါ ဒါန်မည်သည် |
| ဟောတိ | ဖြစ်၏ ။ |

**"တ္တာပစ္စယန္တ" ကျေနိုင်သော အရာတို့ကို ဖော်ပြပါ။**

"တ္တာပစ္စယန္တ" ကျေနိုင်သော အရာတို့မှာ "တ္တာလောပေ ကမ္မာဓိကရဏေသု"ကိုထောက်၍ **'ကံအရာ၊ အာဓာရ အရာ'** တို့ဖြစ်ပါသည်။

**<u>တ္တာလောပ၏အဓိပ္ပါယ်</u>**

တ္တာပစ္စယန္တပုဒ် အနက်ဖြစ်သင့်လျှက် တ္တာပစ္စယန္တပုဒ်မပါရှိခြင်းကို "တ္တာလောပ" ဟုခေါ်ပါသည်။

**ပါသာဒါ သင်္ကမေယျ ၊**

| | |
|---|---|
| ပါသာဒါ | ပြသာဒ်မှ |
| သင်္ကမေယျ | ပြောင်းရွှေ့ရာ၏ ။ |

*****	ပါသာဒါ သင်္ကမေယျ ၌ "တ္တာလောပ" ဖြစ်ပုံကို ကာရကကျမ်းရင်းလာ အတိုင်း ရှင်းပြပါ။**

( ပြသာဒ်မှပြောင်းရွှေ့ရာ၏ဆိုရာ၌ 'ပါသာဒါ အဘိရုဟိတွာ ' ပြသာဒ်ပေါ်သို့ တက်ပြီး၍ 'ပါသာဒါ သင်္ကမေယျ' ပြသာဒ်ပေါ်မှ ပြောင်းရွှေ့ရာ၏ဟု တ္တာပစ္စယန္တအနက်ဖြစ်သင့်လျှက် တ္တာပစ္စယန္တပုဒ်မပါခြင်းကို "တ္တာလောပ" ဟုခေါ်ပါသည်။)

**ဒံ** **နဲ့ရေးရင်** **ကံအရာ**

**ဒေ** **နဲ့ရေးရင်** **အာဓာရအရာ**

ပါသာဒါ သက်မေယျ

ပါသာဒံ အဘိရူဟိတွာ

ပါသာဒေ အဘိရူဟိတွာ

(၁) **ပါသာဒါ** ကို

ပါသာဒ လိင်တည်၊

'မှ' ဟူ၍ အနက်ပေးသောကြောင့် **"အပါဒါန်"** အနက်ကို အလိုရှိရကား **"ဒူရန္တိ,ကဒ္ဓ ကာလ နိမ္မာန, …"** ဟူသောသုတ်ဖြင့် အပါဒါန် အမည်မှည့်၊

"အပါဒါနေ ပဉ္စမီ" ဟူသောသုတ်ဖြင့်…

အပါဒါန်အနက်၌ ပဉ္စမီဧကဝုစ် 'သ္မာ' ဝိဘတ်သက်၊

ပါ သာဒ + သ္မာ

"သ္မာ သ္မိံ နံ ဝါ " ဟူသောသုတ်ဖြင့်အကာရန္တမှနောက်ဖြစ်သော 'သ္မာ'ဝိဘတ်ကို 'အာ'ပြု၊

ပါ သာဒ + အာ

'သ' ခွင်း ၊ ချေ ၊ ကပ်

ပါ သာဒါ

ကားပြီး၏။

**ပါဒါနံ အဘိရဟိတွာ ဝါ ၊**

ဝါ တနည်းကား

ပါသာဒံ ပြာသာဒ်သို့

အဘိရဟိတွာ တက်ပြီး၍

သက်မေယျ ပြောင်းရွှေ့ရာ၏။

(၁) **ပါသာဒါ** ကို

ပါသာဒ လိုင်တည်၊

'မှ' ဟူ၍ အနက်ပေးသောကြောင့် **" အပါဒါန် "** အနက်ကို အလိုရှိရကား **"ဒူရန္တိကဒ္ဓ ကာလ နိမ္မာန, …"** ဟူသောသုတ်ဖြင့် အပါဒါန် အမည်မှည့်၊

"အပါဒါနေ ပဉ္စမီ" ဟူသောသုတ်ဖြင့်…

အပါဒါန်အနက်၌ ပဉ္စမီဧကဝုစ် 'သ္မာ' ဝိဘတ်သက်၊

ပါ သာဒ + သ္မာ

"သ္မာ သ္မိံ နံ ဝါ " ဟူသောသုတ်ဖြင့်အကာရန္တမှနောက်ဖြစ်သော 'သ္မာ' ဝိဘတ်ကို 'အာ' ပြု၊

ပါ သာဒ + အာ

'သ' ခွင်း ၊ ချေ ၊ ကပ်

ပါ သာဒါ

ကားပြီး၏။

**ပဗ္ဗတာ သက်မေယျ ၊**

| | | |
|---|---|---|
| ပဗ္ဗတာ | တောင်မှ | ပဗ္ဗတာ ⟶ ပဗ္ဗတ + သ္မာ |
| သက်မေယျ | ပြောင်းရွှေ့ရာ၏။ | ↓ အာ |

**ပဗ္ဗတံ အဘိရုဟိတွာ ဝါ ၊**

| | | |
|---|---|---|
| ဝါ | တနည်းကား | |
| ပဗ္ဗတံ | တောင်သို့ | ပဗ္ဗတံ ⟶ ပဗ္ဗတ + အံ |
| အဘိရုဟိတွာ | တက်ပြီး၍ | |
| သက်မေယျ | ပြောင်းရွှေ့ရာ၏။ | |

**ဟတ္ထိက္ခန္ဓာ သက်မေယျ ၊**

| | |
|---|---|
| ဟတ္ထိက္ခန္ဓာ | ဆင်ကျောက်ကုန်းမှ |
| သက်မေယျ | ပြောင်းရွှေ့ရာ၏။ |

**ဟတ္ထိက္ခန္ဓံ အဘိရုဟိတွာ ဝါ ၊**

| | |
|---|---|
| ဝါ | တနည်းကား |
| ဟတ္ထိက္ခန္ဓံ | ဆင်ကျောက်ကုန်းသို့ |
| အဘိရုဟိတွာ | တက်ပြီး၍ |
| သင်္ကမေယျ | ပြောင်းရွှေ့ရာ၏။ |

**အာသနာ ဝုဋ္ဌဟေယျ ။**

| | |
|---|---|
| အာသနာ | နေရာမှ |
| ဝုဋ္ဌဟေယျ | ထရာ၏။ |

**အာသနေ နိသီဒိတွာ ဝါ ဣစ္စေဝမာဒိ ၊**

| | |
|---|---|
| ဝါ | တနည်းကား |
| အာသနေ | နေရာ၌ |
| နိသီဒိတွာ | ထိုင်နေပြီး၍ |
| ဝုဋ္ဌဟေယျ | ထရာ၏။ |
| ဣစ္စေဝမာဒိ | ဤသို့ အစရှိသည်တို့တည်း။ |

**<u>ဒိသာယောဂေ</u>**

| | |
|---|---|
| ဒိသာယောဂေ | ဒိသာအနက် ၊ဒိသာအနက်ရှိသော သဒ္ဒါ၏ ယှဉ်ရာ၌ |
| အပါဒါနံ | အပါဒါန်မည်သည် |
| ဟောတိ | ဖြစ်၏။ |

**အဝီစိတော ယာဝ ဥပရိဘဝဂ္ဂမန္တရေ ဗဟူ သတ္တနိကာယာ ဝသန္တိ၊**

| | |
|---|---|
| အဝီစိတော | အဝီစိမှ |
| ယာဝ ဥပရိဘဝဂ္ဂံ | အထက်ဘဝဂ်တိုင်အောင် |
| အန္တရေ | အလယ်ကြား၌ |

| | |
|---|---|
| ဗဟူ | များစွာကုန်သော |
| သတ္တနိကာယာ | သတ္တဝါအပေါင်းတို့သည် |
| ဝသန္တိ | နေကုန်၏။ |

**( ဒီသာ အနက်နှင့် ယှဉ်သောကြောင့် 'အဝီစိတော' အဝီစိမှသည် အပါဒါန် ဖြစ်ရပါသည်။ )**

**ယတော ခေမံ တတော ဘယံ ၊**

| | |
|---|---|
| ယတော | အကြင်အရပ်မှ |
| ခေမံ | ရှေးကဘေးမရှိ၊ |
| တတော | ထိုအရပ်မှ |
| ဘယံ | ယခု ဘေးဖြစ်လာ၏။ |

**ပုရတ္ထိမတော ၊ ဒက္ခိဏတော ၊ ပစ္ဆိမတော ၊ဥတ္တရတော အဂ္ဂိ ပဇ္ဇလန္တိ ၊**

| | |
|---|---|
| ပုရတ္ထိမတော | အရှေ့အရပ်မှ |
| ဒက္ခိဏတော | တောင်အရပ်မှ |
| ပစ္ဆိမတော | အနောက်အရပ်မှ |
| ဥတ္တရတော | မြောက်အရပ်မှ |
| အဂ္ဂိ | မီးတို့သည် |
| ပဇ္ဇလန္တိ | တောက်လောင်ကုန်၏။ |

**( ဒီသာ အနက်နှင့် ယှဉ်သောကြောင့် 'ပုရတ္ထိမတော ၊ ဒက္ခိဏတော ၊ ပစ္ဆိမတော ၊ ဥတ္တရတော' တို့သည် အပါဒါန် ဖြစ်ရပါသည်။ )**

**ယတော အဇ္ဈောသာသုံ ဘဂဝန္တံ ၊**

| | |
|---|---|
| ယတော | အကြင်အရပ်မှ |
| ဘဂဝန္တံ | မြတ်စွာဘုရား၏ စကားတော်ကို |
| အဇ္ဈောသာသုံ | ကြားနာရကုန်၏။ |

**( ဒီသာ အနက်နှင့် ယှဉ်သောကြောင့် 'ယတော' အကြင်အရပ်မှသည် အပါဒါန် ဖြစ်ရပါသည်။ )**

**ဥဒ္ဓံ ပါဒတလာ အဓော ကေသမတ္ထကာ ၊ ဣစ္စေ၀မာဒိ၊**

| | |
|---|---|
| ပါဒတလာ | ခြေဖဝါးအပြင်မှ |
| ဥဒ္ဓံ | အထက်ဆံဖျားတိုင်အောင် |
| ကေသမတ္ထကာ | ဆံဖျားမှ |
| အဓော | အောက်ခြေဖဝါးအပြင်တိုင်အောင် |
| ဣစ္စေ၀မာဒိ | ဤသို့ အစရှိသည်တို့တည်း။ |

**( ဒီသာ အနက်နှင့် ယှဉ်သောကြောင့် 'ပါဒတလာ ၊ ကေသမတ္ထကာ' ခြေဖဝါးပြင်မှ/ဆံဖျားမှသည် အပါဒါန် ဖြစ်ရပါသည်။ )**

<u>ဝိဘတ္တေ</u>

| | |
|---|---|
| ဝိဘတ္တေ | ဝေဘန်ခြင်းအနက်၌ |
| အပါဒါနံ | အပါဒါန်မည်သည် |
| ဟောတိ | ဖြစ်၏။ |

**ယတော ပဏီတတရော ဝါ ဝိသိဋ္ဌတရော ဝါ နတ္ထိ ၊**

| | |
|---|---|
| ယတော | အကြင်(ဝိနည်း)တရားထက် |
| ပဏီတတရော ဝါ | ထူးချွန်လွန်မြတ်သော တရားသည်၄င်း |
| ဝိသိဋ္ဌတရော ဝါ | ထူးကဲလွန်တတ်သောတရားသည်၄င်း၊ |
| နတ္ထိ | မရှိ ၊ |

**( ဝေဘန်ခြင်း အနက်နှင့် ယှဉ်သောကြောင့် 'ယတော' အကြင်တရားထက်သည် အပါဒါန် ဖြစ်ရပါသည်။ )**

**ဆဋ္ဌီ စ ၊**

| | |
|---|---|
| ဆဋ္ဌီ စ | ဆဋ္ဌီဝိဘတ်လည်းသက်၏။ |

**ဆန္ဒ၀ုတီနံ ပါသဏ္ဍာနံ ဓမ္မာနံ ပဝရံ ၊ ယဒိဒံ သုဂတဝိနယော ဣစ္စေ၀မာဒိ၊**

| | |
|---|---|
| ယဒိဒံ သုဂတဝိနယော | အကြင်မြတ်စွာဘုရား၏ ဝိနည်း တရားတော်သည် |
| အတ္ထိ | ရှိ၏။ |

| | |
|---|---|
| သော အယံ သုဂတဝိနယော | ထိုမြတ်စွာဘုရား၏ ဝိနည်း တရားတော်သည် |
| ဆန္ဒဝုတီနံ | ကိုးဆယ့်ခြောက်ပါးကုန်သော |
| ပါသဏ္ဍာနံ | တဏှာ ၊ ဒိဋ္ဌိတည်းဟူသော ကျော့ကွင်းကို ထောင်တတ်ကုန်သော |
| ဓမ္မာနံ | မိစ္ဆာဝါဒတရားတို့ထက် |
| ပဝရံ | မြတ်၏။ |
| ဣစ္စေဝမာဒိ | ဤသို့ အစရှိသည်တို့တည်း။ |

**( ဝေဘန်ခြင်း အနက်နှင့် ယှဉ်သောကြောင့် ‘ယဒီနံ သုဂတ ဝိနယော’ အကြင်မြတ်စွာဘုရား၏ ဝိနည်းတရားတော်သည်သည် အပါဒါန် ဖြစ်ရပါသည်။ )**

<u>**အာရုပ္ပယောဂေ**</u>

| | |
|---|---|
| အာရုပ္ပယောဂေ | ‘အာရတိ’ အနက်ရှိသော သဒ္ဒါ၏ ယှဉ်ရာ၌ |
| အပါဒါနံ | အပါဒါန်မည်သည် |
| ဟောတိ | ဖြစ်၏။ |

**ဂါ မဓမ္မာ ဝသလဓမ္မာ အသဒ္ဓမ္မာ အာရတိ ဝိရတိ ပဋိဝိရတိ ၊**

| | |
|---|---|
| ဂါ မဓမ္မာ | ရွာသူတို့၏ တရားမှ |
| ဝသလဓမ္မာ | သူယုတ်တို့၏ တရားမှ |
| အသဒ္ဓမ္မာ | မသူတော်တို့၏ တရားမှ |
| အာရတိ | စိတ်ဖြင့် ရှောင်ကြဉ်ခြင်း |
| ဝိရတိ | ကိုယ်နှုတ်ဖြင့် ရှောင်ကြဉ်ခြင်း |
| ပဋိဝိရတိ | တဖန် ရှောင်ကြဉ်ခြင်း၊ |

**( ‘အာရတိ’ အနက်ရှိသောသဒ္ဒါနှင့် ယှဉ်သောကြောင့် ‘ဂါ မဓမ္မာ’ ရွာသူတို့၏ တရားမှ၊ ‘ဝသလဓမ္မာ’ သူယုတ်တို့၏ တရားမှ၊ ‘အသဒ္ဓမ္မာ’ သူတော်တို့၏ တရားမှ၊ တို့ သည် အပါဒါန် ဖြစ်ရပါသည်။)**

ပါဏာတိပါတာ ဝေရမဏီ ဣစ္စေဝမာဒိ၊

| | |
|---|---|
| ပါဏာတိပါတာ | သတ္တဝါတို့၏ အသက်ကို သေရက်မရောက်ခင် လျင်စွာကျစေခြင်းမှ |

| | |
|---|---|
| ဝေရမဏိ | ရှောင်ကြဉ်ကြောင်းသိက္ခာပုဒ် |
| ဣစ္စေဝမာဒိ | ဤသို့ အစရှိသည်တို့တည်း။ |

**( 'အာရတိ' အနက်ရှိသော သဒ္ဒါနှင့်ယှဉ်သောကြောင့် 'ပါဏာတိပါတာ' သတ္တဝါတို့၏ အသက်ကို သေရက်မရောက်ခင် လျင်စွာကျစေခြင်းမှ သည် 'အပါဒါန်' ဖြစ်ရပါသည်။)**

**<u>သုဒ္ဓေ</u>**

| | |
|---|---|
| သုဒ္ဓေ | 'စင်ကြယ်ခြင်း' အနက်ရှိသော သဒ္ဒါ၏ ယှဉ်ရာ၌ |
| အပါ ဒါ နံ | အပါဒါန်မည်သည် |
| ဟောတိ | ဖြစ်၏။ |

**လောဘနိယေဟိ ဓမ္မေဟိ သုဒ္ဓေါ အသံသဋ္ဌော ၊**

| | |
|---|---|
| လောဘနိယေဟိ | တပ်မက်ဖွယ် ဖြစ်ကုန်သော |
| ဓမ္မေဟိ | တရားတို့မှ |
| အသံသဋ္ဌော | မရောယှက် |
| သုဒ္ဓေါ | စင်ကြယ်၏။ |

**( 'စင်ကြယ်ခြင်း' အနက်ရှိသော သဒ္ဒါနှင့်ယှဉ်သောကြောင့် 'ဓမ္မေဟိ' တရားတို့မှသည် 'အပါဒါန်' ဖြစ်ရပါသည်။ )**

**မာတိတော စ ပိတိတော စ သုဒ္ဓေါ အသံသဋ္ဌော အနုပကုဋ္ဌော အဂရဟိတော ဣစ္စေဝမာဒိ ၊**

| | |
|---|---|
| မာတိတော စ | အမိမျိုးမှ ၎င်း၊ |
| ပိတိတော စ | အဖမျိုးမှ ၎င်း၊ |
| အသံသဋ္ဌော | အမျိုးယုတ် တစ်ပါးနှင့် မရောယှက်၊ |
| သုဒ္ဓေါ | စင်ကြယ်၏။ |
| အနုပကုဋ္ဌော | မဆဲရေးအပ်၊ |
| အဂရဟိတော | မကဲ့ရဲ့အပ်၊ |
| ဣစ္စေဝမာဒိ | ဤသို့အစရှိသည်တို့တည်း။ |

**( 'စင်ကြယ်ခြင်း' အနက်ရှိသော သဒ္ဒါနှင့်ယှဉ်သောကြောင့် 'မာတိတော / ပိတိတော' "အမိမျိုးမှ / အဖမျိုးမှ"တို့သည် 'အပါ ဒါ န်' ဖြစ်ရပါသည်။ )**

<u>ပမောစနေ</u>

| | |
|---|---|
| ပမောစနေ | 'လွတ်ခြင်း' အနက်ရှိသော သဒ္ဒါ၏ ယှဉ်ရာ၌ |
| အပါဒါန် | အပါဒါန်မည်သည် |
| ဟောတိ | ဖြစ်၏။ |

**ပရိမုတ္တော ဒုက္ခသ္မာတိ ဝဒါမိ၊**

| | |
|---|---|
| ဒုက္ခသ္မာ | ဆင်းရဲမှ |
| ပရိမုတ္တောတိ | လွတ်ပြီဟူ၍ |
| ဝဒါမိ | ဟောတော်မူ၏။ |

**( 'လွတ်ခြင်း' အနက်ရှိသော သဒ္ဒါနှင့်ယှဉ်သောကြောင့် 'ဒုက္ခသ္မာ' ဆင်းရဲမှသည် 'အပါဒါန်' ဖြစ်ရပါသည်။ )**

**မုတ္တောသ္မိ မာရဗန္ဓနာ၊**

| | |
|---|---|
| မာရဗန္ဓနာ | မာရ်မင်း၏ အနှောင်အဖွဲ့မှ |
| မုတ္တော | လွတ်သည် |
| အသ္မိ | ဖြစ်၏။ |

**( 'လွတ်ခြင်း' အနက်ရှိသော သဒ္ဒါနှင့်ယှဉ်သောကြောင့် 'မာရဗန္ဓနာ' မာရ်နတ်မင်း၏အနှောင်အဖွဲ့မှသည် 'အပါဒါန်' ဖြစ်ရပါသည်။ )**

**န တေ မုစ္စန္တိ မစ္စုနာ ဣစ္စေဝမာဒိ၊**

| | |
|---|---|
| တေ | ထိုသူတို့သည် |
| မစ္စုနာ | သေမင်းမှ |
| န မုစ္စန္တိ | မလွတ်ကုန်သေး |
| ဣစ္စေဝမာဒိ | ဤသို့ အစရှိသည်တို့တည်း။ |

**( 'လွတ်ခြင်း' အနက်ရှိသော သဒ္ဒါနှင့်ယှဉ်သောကြောင့် 'မစ္စုနာ' သေမင်းမှသည် 'အပါဒါန်' ဖြစ်ရပါသည်။ )**

(၁) **မစ္စုနှာ** ကို

မစ္စု လိင်တည်၊

'မှ' ဟူ၍ အနက်ပေးသောကြောင့် အပါဒါန်အနက်ကို အလိုရှိရကား **"ဒူရန္တိကဒ္ဓ... "** ဟူသောသုတ်ဖြင့် အပါဒါန် အမည်မှည့်၊

"အပါ ဒါနေ ပဥ္စမီ" ဟူသောသုတ်ဖြင့်...

အပါဒါန်အနက်၌ ပဥ္စမီဧကဝုစ် 'သ္မာ' ဝိဘတ်သက်၊

မစ္စု + သ္မာ

**"သ္မာ နာ"ဟူသောသုတ်ဖြင့်** 'သ္မာ' ဝိဘတ်ကို 'နာ' ပြု၊

မစ္စုနှာ

ကားပြီး၏။

<u>**ဟေတွတ္တေ**</u>

| | |
|---|---|
| ဟေတွတ္တေ | ဟိတ်အနက်၌ |
| အပါဒါနံ | အပါဒါန်မည်သည် |
| ဟောတိ | ဖြစ်၏။ |

**ကသ္မာ ဟေတုနာ၊ (ပဥ္စမီ)**

ကသ္မာ ဟေတုနာ ဘယ်အကြောင်းကြောင့်

**( 'ဟိတ်' အနက်နှင့်ယှဉ်သောကြောင့် 'ကသ္မာ' သည် 'အပါဒါန်' ဖြစ်ရပါသည်။ )**

**ကေန ဟေတုနာ၊ (တတိယာ)**

ကေန ဟေတုနာ ဘယ်အကြောင်းကြောင့်

**( 'ဟိတ်' အနက်နှင့်ယှဉ်သောကြောင့် 'ကေန' သည် 'အပါဒါန်' ဖြစ်ရပါသည်။ )**

**ကိဿ ဟေတုနာ၊ (ဆဋ္ဌီဝိဘတ်)**

ကိဿ ဟေတုနာ ဘယ်အကြောင်းကြောင့်

**( 'ဟိတ်' အနက်နှင့်ယှဉ်သောကြောင့် 'ကိဿ' သည် 'အပါဒါန်' ဖြစ်ရပါသည်။ )**

**ကသ္မာ နု တုမှံ ဒဟရာ န မီယရေ၊**

| | |
|---|---|
| ကသ္မာ | အဘယ့်ကြောင့် |
| တုမှံ | သင်တို့၏ |
| ကုလေ | ဓမ္မပါလအမျိုး၌ (အမျိုး၌) |
| ဒဟရာ | တစ်ရာ့နှစ်ဆယ် မပြည့်သေးသော (သူငယ်တို့သည်) |
| န မီယရေ | မသေကုန်သတည်း။ |

**( 'ဟိတ်' အနက်နှင့်ယှဉ်သောကြောင့် 'ကသ္မာ' သည် 'အပါဒါန်' ဖြစ်ရပါသည်။ ) (ပဥ္စမီဝိဘတ်သက်)**

**('ကြောင့်' လို့ပေးရင်လည်း 'အပါဒါန်'အမည်မှည့်နိုင်သည်၊)**

**ကသ္မာ ဣဓေဝ မရဏံ ဘဝိဿတိ ဣစ္စေဝမာဒိ၊**

| | |
|---|---|
| ကသ္မာ | အဘယ်ကြောင့် |
| ဣဓေဝ | ဤအရပ်၌ သာလျှင် |
| မရဏံ | သေခြင်းသည် |
| ဘဝိဿတိ | ဖြစ်လတ္တံ့နည်း၊ |
| ဣစ္စေဝမာဒိ | ဤသို့ အစရှိသည်တို့တည်း။ |

**( 'ဟိတ်' အနက်နှင့်ယှဉ်သောကြောင့် 'ကသ္မာ' သည် 'အပါဒါန်' ဖြစ်ရပါသည်။ )**

**<u>ဝိဝိတ္တာဝဓေ</u>**

| | |
|---|---|
| ဝိဝိတ္တာဝဓေ | 'ကင်းဆိတ်ခြင်း' အနက်ရှိသော သဒ္ဒါနှင့် ယှဉ်ရာ၌ |
| အပါဒါနံ | အပါဒါန်မည်သည် |
| ဟောတိ | ဖြစ်၏။ |

**ဝိဝိတ္တော ပါပကာ ဓမ္မာ၊**

| | |
|---|---|
| ပါပကာ | ယုတ်မာသော |

| | |
|---|---|
| ဓမ္မာ | တရားမှ |
| ဝိဝိတ္တော | ကင်းဆိတ်၏။ |

**( 'ကင်းဆိတ်ခြင်း' အနက်ရှိသောသဒ္ဒါနှင့်ယှဉ်သောကြောင့် 'ဓမ္မာ' တရားမှသည် 'အပါဒါန်' ဖြစ်ရပါသည်။ )**

**ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ ဣစ္စေဝမာဒိ၊**

| | |
|---|---|
| ကာမေဟိ | ကာမဂုဏ်တို့မှ |
| ဝိဝိစ္စေဝ | ကင်းဆိတ်၍သာလျှင် |
| အကုသလေဟိ | အကုသိုလ်ဖြစ်ကုန်သော |
| ဓမ္မေဟိ | တရားတို့မှ |
| ဝိဝိစ္စ | ကင်းဆိတ်၍ |
| ဣစ္စေဝမာဒိ | ဤသို့ အစရှိသည်တို့တည်း။ |

**('ကင်းဆိတ်ခြင်း'အနက်ရှိသောသဒ္ဒါနှင့်ယှဉ်သောကြောင့် 'ကာမေဟိ' ကာမဂုဏ်တို့မှသည် 'အပါဒါန်' ဖြစ်ရပါသည်။**

**( 'ကင်းဆိတ်ခြင်း' အနက်ရှိသောသဒ္ဒါနှင့်ယှဉ်သောကြောင့် 'ဓမ္မေဟိ' တရားတို့မှသည် 'အပါဒါန်' ဖြစ်ရပါသည်။ )**

**ရုပ်တွက်။ ။**

**(၁) ကာမေဟိ ကို (ကာမေသု)**

ကာမ လိင်တည်၊

'တို့မှ' ဟူ၍ အနက်ပေးသောကြောင့် အပါဒါန်အနက်ကို အလိုရှိရကား **"ဒူရန္တိကဒ္ဓ... "** ဟူသောသုတ်ဖြင့် အပါဒါန် အမည်မှည့်၊

"အပါဒါနေ ပဉ္စမီ" ဟူသောသုတ်ဖြင့်...

အပါဒါန်အနက်၌ ပဉ္စမဗဟုဝုစ် 'ဟိ' ဝိဘတ်သက်၊

ကာမ + ဟိ

**"သုဟိသွ ကာရေ့ဧ"ဟူသောသုတ်ဖြင့် နောက်** 'ဟိ' ဝိဘတ်ကြောင့် 'မ' သဒ္ဒါ၏မှီရာ 'အ' သရကို 'ဧ' ပြု၊

ကာမေဟိ

ကားပြီး၏။

(၂) **ဓမ္မေဟိ ကို** (ဓမ္မေသု)

ဓမ္မ လိင်တည်၊

'တို့မှ' ဟူ၍ အနက်ပေးသောကြောင့် အပါဒါန်အနက်ကို အလိုရှိရကား **"ဒူရန္တိကဒ္ဓ... "** ဟူသောသုတ်ဖြင့် အပါဒါန် အမည်မှည့်၊

"အပါဒါနေ ပဉ္စမီ" ဟူသောသုတ်ဖြင့်...

အပါဒါန်အနက်၌ ပဉ္စမဗဟုဝုစ် 'ဟိ' ဝိဘတ်သက်၊

ဓမ္မ + ဟိ

**"သုဟိသွ ကာရောဧ"ဟူသောသုတ်ဖြင့် နောက်** 'ဟိ' ဝိဘတ်ကြောင့် 'မ္မ' သဒ္ဒါ၏မှီရာ 'အ' သရကို 'ဧ' ပြု၊

ဓမ္မေဟိ

ကားပြီး၏။

(၃) **အကုသလေဟိ ကို**

အကုသလ လိင်တည်၊

'တို့မှ' ဟူ၍ အနက်ပေးသောကြောင့် အပါဒါန်အနက်ကို အလိုရှိရကား **"ဒူရန္တိကဒ္ဓ... "** ဟူသောသုတ်ဖြင့် အပါဒါန် အမည်မှည့်၊

"အပါဒါနေ ပဉ္စမီ" ဟူသောသုတ်ဖြင့်...

အပါဒါန်အနက်၌ ပဉ္စမဗဟုဝုစ် 'ဟိ' ဝိဘတ်သက်၊

အကုသလ + ဟိ

**"သုဟိသွ ကာရောဧ"ဟူသောသုတ်ဖြင့် နောက်** 'ဟိ' ဝိဘတ်ကြောင့် 'လ' သဒ္ဒါ၏မှီရာ 'အ' သရကို 'ဧ' ပြု၊

အကုသလေဟိ

ကားပြီး၏။

<u>**ပမာဏေ**</u>

| | |
|---|---|
| ပမာဏေ | နှိုင်းယှဉ်ခြင်းအနက်၌ |
| အပါဒါနံ | အပါဒါန်မည်သည် |
| ဟောတိ | ဖြစ်၏။ |

**ဒီဃသော နဝဝိဒတ္တိယော သုဂတဝိဒတ္တိယာ ပမာဏိကာ ကာရေတဗ္ဗာ၊**

| | |
|---|---|
| ဒီဃသော | အလျားမှ (ဝါ) အလျားအားဖြင့် |
| သုဂတဝိဒတ္တိယာ | မြတ်စွာဘုရား အထွာတော်ဖြင့် |
| နဝဝိဒတ္တိယော | ကိုးထွာရှိကုန်သော |
| ပမာဏိကာ | ပမာဏနှင့် ယှဉ်သည်တို့ကို |
| ကာရေတဗ္ဗာ | ပြုစေအပ်ကုန်၏။ |

( **'နှိုင်းယှဉ်ခြင်း' အနက်နှင့်ယှဉ်သောကြောင့် 'ဒီဃတော'** အလျားမှ **သည် 'အပါဒါန်' ဖြစ်ရပါသည်။** )

**ရုပ်တွက်။ ။**

(၁) **ဒီဃသော** ကို

ဒီဃ လိင်တည်၊

'မှ' ဟူ၍ အနက်ပေးသောကြောင့် အပါဒါန်အနက်ကို အလိုရှိရကား **"ဒူရန္တိကဒ္ဓ... "** ဟူသောသုတ်ဖြင့် အပါဒါန် အမည်မှည့်၊

"အပါဒါနေ ပဉ္စမီ" ဟူသောသုတ်ဖြင့်...

အပါဒါန်အနက်၌ ပဉ္စမဧကဝုစ် 'သ္မာ' ဝိဘတ်သက်၊

ဒီဃ + သ္မာ

" သ္မာ နာ" ဟူသောသုတ်ဖြင့် 'သ္မာ' ဝိဘတ်ကို 'နာ' ပြု၊

ဒီဃ + သ္မာ (နာ)

" သော ဝါ "ဟူသောသုတ်ဖြင့် အကာရန္တမှ နောက်ဖြစ်သော 'နာ' ဝိဘတ်ကို 'သော' ပြု၊

ဒီဃ သော

ကားပြီး၏။

**မဇ္ဈိမဿ ပုရိသဿ အဍ္ဍတေယျသဟတ္ထာ ဣစ္စေဝမာဒိ၊**

| | |
|---|---|
| မဇ္ဈိမဿ ပုရိသဿ | မဇ္ဈိမယောက်ျား၏ |
| အဍ္ဍတေယျသဟတ္ထာ | တဆယ့်သုံးထောင့်ထွာ ရှိကုန်သော |
| ဣစ္စေဝမာဒိ | ဤသို့ အစရှိသည်တို့တည်း။ |

**<u>ပုဗ္ဗယောဂေ</u>**

| | |
|---|---|
| ပုဗ္ဗယောဂေ | 'ပုဗ္ဗ' သဒ္ဒါ၏ ယှဉ်ရာ၌ |
| အပါဒါနံ | အပါဒါန်မည်သည် |
| ဟောတိ | ဖြစ်၏။ |

**ပုဗ္ဗေဝ သမ္ဗောဓာ ဝစ္စေဝမာဒိ ၊**

| | |
|---|---|
| သမ္ဗောဓာ | ဘုရားဖြစ်သည်မှ |
| ပုဗ္ဗေဝ | ရှေးဦးကပင်လျှင် |
| ဣစ္စေဝမာဒိ | ဤသို့ အစရှိသည်တို့တည်း။ |

**<u>ဗန္ဓနတ္ထေ</u>**

| | |
|---|---|
| ဗန္ဓနတ္ထေ | နှောင်ဖွဲ့ခြင်းအနက်ရှိသော သဒ္ဒါ၏ ယှဉ်ရာ၌ |
| အပါဒါနံ | အပါဒါန်မည်သည် |
| ဟောတိ | ဖြစ်၏။ |

**သတသ္မာ ဗန္ဓော နရော ၊**

| | |
|---|---|
| သတသ္မာ | တရာသော မြီကြွေးကြောင့် |
| နရော | လူကို |
| ဗန္ဓော | နှောင်ဖွဲ့အပ်၏။ |

| | |
|---|---|
| **တတိယာစ ။** | တတိယာဝိဘတ်လည်းသက်၏။ |

**သတေန ဗန္ဓော နရော ရညာ ဣဏတ္ထေန ဣစ္စေဝမာဒိ ၊**

| | |
|---|---|
| သတေန | တရာသော |
| ဣဏတ္ထေန | မြီကြွေးဟူသောအကြောင်းကြောင့် |

| | |
|---|---|
| ရညာ | မင်းသည် |
| နရော | လူကို |
| ဗန္ဓော | နှောင်ဖွဲ့အပ်၏၊ |
| ဣစ္စေဝမာဒိ | ဤသို့ အစရှိသည်တို့တည်း။ |

(တတိယာစ ကိုထောက်၍ တတိယာဝိဘတ်နှင့်လည်း နေနိုင်ပါသည်။)

**ဂုဏာဝစနေ**

| | |
|---|---|
| ဂုဏာဝစနေ | ကျေးဇူးကို ဆိုခြင်းအနက်၌ |
| အပါဒါနံ | အပါဒါန်မည်သည် |
| ဟောတိ | ဖြစ်၏။ |

**ပုညာဃ သုဂတိံ ယန္တိ၊**

| | |
|---|---|
| ပုညာဃ | ကောင်းမှုကြောင့် |
| သုဂတိံ | သုဂတိဘဝသို့ |
| ယန္တိ | ရောက်ရကုန်၏။ |

(၁) **ပုညာဃ** ကို

ပုည လိင်တည်၊

'ကြောင့်' ဟူ၍ အနက်ပေးသောကြောင့် အပါဒါန်အနက်ကို အလိုရှိရကား "ဒူရန္တိကဒ္ဓ…"ဟူသောသုတ်ဖြင့် အပါဒါန် အမည်မှည့်၊

အပါဒါနေ ပဉ္စမီ ဟူသောသုတ်ဖြင့် အပါဒါန်အနက်၌ ပဉ္စမ ဧကဝုစ် 'သ္မာ' ဝိဘတ်သက်၊

ပုည + သ္မာ

**"အာ ဃော"** ဟူသောသုတ်ဖြင့် 'အာ' ကို 'ဃ' အမည်မှည့်၊

ပုည + သ္မာ
↘
(ဃ)

**"ဃတော နာဒီနံ"** ဟူသောသုတ်ဖြင့် 'ဃ' မှ နောက်ဖြစ်သော 'သ္မာ' ဝိဘတ်ကို 'အာယ' ပြု၊

ပုညာယ

ကားပြီး၏။

တစ်နည်း။ ။ (ဣတ္ထိလိင်)

**(၁) ပုညာယ** ကို

ပုည လိင်တည်၊

"ဣတ္ထိယမတော အာပစ္စယော" ဟူသောသုတ်ဖြင့် 'အာ' ပစ္စည်းသက်၊

ပုညာ

'ကြောင့်' ဟူ၍ အနက်ပေးသောကြောင့် 'အပါဒါန်' အနက်ကို အလိုရှိရကား ""ဒူရန္တိကဒ္ဓ…"" ဟူသော သုတ် ဖြင့် 'အပါဒါန်' အမည်မှည့်၊

အပါဒါနေ ပဉ္စမီ ဟူသောသုတ်ဖြင့် အပါဒါန်အနက်၌ ပဉ္စမီ ဧကဝုစ် 'သ္မာ' ဝိဘတ်သက်၊

ပုည + သ္မာ

**"အာ ဃော"** ဟူသောသုတ်ဖြင့် 'အာ' ကို 'ဃ' အမည်မှည့်၊

ပုည + သ္မာ
↘
(ဃ)

**"ဃတော နာဒီနံ"** ဟူသောသုတ်ဖြင့် 'ဃ' မှ နောက်ဖြစ်သော 'သ္မာ' ဝိဘတ်ကို 'အာယ' ပြု၊

ပုညာယ

ကားပြီး၏။

**စာဂါယ ဝိပုလံ ဓနံ ၊**

| | |
|---|---|
| စာဂါယ | စွန့်ကြဲခြင်းကြောင့် |
| ဓနံ | ဥစ္စာသည် |
| ဝိပုလံ | ပြန့်ပြောများပြား၏။ |

(၂) စာဂါယ ကို

စာဂ ါ လိင်တည်၊

'ကြောင့်' ဟူ၍ အနက်ပေးသောကြောင့် အပါဒါန်အနက်ကို အလိုရှိရကား "ဒူရန္တိကဒ္ဓ..."ဟူသောသုတ်ဖြင့် အပါဒါန် အမည်မှည့်၊

အပါဒါနေ ပဉ္စမီ ဟူသောသုတ်ဖြင့် အပါဒါန်အနက်၌ ပဉ္စမီ ဧကဝုစ် 'သ္မာ' ဝိဘတ်သက် ၊

စာဂါ + သ္မာ

**"အာ ဃော"** ဟူသောသုတ်ဖြင့် 'အာ' ကို 'ဃ'အမည်မှည့် ၊

စာဂါ + သ္မာ
↘
(ဃ)

**"ဃတော နာဒီနံ "** ဟူသောသုတ်ဖြင့် 'ဃ'မှ နောက်ဖြစ်သော 'သ္မာ'ဝိဘတ်ကို 'အာယ' ပြု၊

စာဂါယ

ကားပြီး၏။

(ဣတ္ထိပစ္စည်းသက်ပြီးသားအနေနှင့် တည်ထားသည်)

တစ်နည်း။ ။ (ဣတ္ထိလိင်)

(၂) **စာဂါယ** ကို

စာဂါ လိင်တည် ၊

"ဣတ္ထိယမတော အာပစ္စယော" ဟူသောသုတ်ဖြင့် 'အာ'ပစ္စည်းသက်၊

စာဂါ

'ကြောင့်'ဟူ၍ အနက်ပေးသောကြောင့် 'အပါဒါန်'အနက်ကို အလိုရှိရကား ""ဒူရန္တိကဒ္ဓ..."" ဟူသော သုတ် ဖြင့် 'အပါဒါန်' အမည်မှည့်၊

အပါဒါနေ ပဉ္စမီ ဟူသောသုတ်ဖြင့် အပါဒါန်အနက်၌ ပဉ္စမီ ဧကဝုစ် 'သ္မာ' ဝိဘတ်သက် ၊

စာဂါ + သ္မာ

**"အာ ဃော"** ဟူသောသုတ်ဖြင့် 'အာ' ကို 'ဃ'အမည်မှည့် ၊

စာဂါ + သ္မာ
↘
(ဃ)

**"ဃတော နာဒီနံ "** ဟူသောသုတ်ဖြင့် 'ဃ'မှ နောက်ဖြစ်သော 'သ္မာ'ဝိဘတ်ကို 'အာယ' ပြု၊

စာဂါယ

ကားပြီး၏။

**ပညာယ ဝိမုတ္တိမနော ၊**

ပညာယ — ပညာကြောင့်

ဝိမုတ္တိမနော — ကိလေသာမှ လွတ်သောစိတ်ရှိ၏။

(၃) ပညာယ ကို

ပည လိင်တည်၊

'ကြောင့်' ဟူ၍ အနက်ပေးသောကြောင့် အပါဒါန်အနက်ကို အလိုရှိရကား "ဒူရန္တိကဒ္ဓ..."ဟူသောသုတ်ဖြင့် အပါဒါန် အမည်မှည့်၊

အပါဒါနေ ပဉ္စမီ ဟူသောသုတ်ဖြင့် အပါဒါန်အနက်၌ ပဉ္စမီ ဧကဝုစ် 'သ္မာ' ဝိဘတ်သက် ၊

ပည + သ္မာ

**"အာ ဃော"** ဟူသောသုတ်ဖြင့် 'အာ' ကို 'ဃ' အမည်မှည့် ၊

ပည + သ္မာ
↘
(ဃ)

**"ဃတော နာဒီနံ "** ဟူသောသုတ်ဖြင့် 'ဃ' မှ နောက်ဖြစ်သော 'သ္မာ' ဝိဘတ်ကို 'အာယ' ပြု၊

ပညာယ

ကားပြီး၏။

တစ်နည်း။ ။ (ဣတ္ထိလိင်)

**(၁) ပညာယ** ကို

ပည လိင်တည် ၊

"ဣတ္ထိယမတော အာပစ္စယော" ဟူသောသုတ်ဖြင့် 'အာ' ပစ္စည်းသက်၊ခွင်း၊ချေ၊ကပ် ..တဒ္ဓိတနာမ်ငဲ့

ပညာ

'ကြောင့်'ဟူ၍ အနက်ပေးသောကြောင့် 'အပါဒါန်'အနက်ကို အလိုရှိရကား ""ဒူရန္တိကဒ္ဓ..."" ဟူသော သုတ် ဖြင့် 'အပါဒါန်' အမည်မှည့်၊

အပါဒါနေ ပဉ္စမီ ဟူသောသုတ်ဖြင့် အပါဒါန်အနက်၌ ပဉ္စမီ ဧကဝုစ် 'သ္မာ' ဝိဘတ်သက် ၊

ပည + သ္မာ

**"အာ ဃော"** ဟူသောသုတ်ဖြင့် 'အာ' ကို 'ဃ' အမည်မှည့် ၊

ပည + သ္မာ
↘
(ဃ)

**" ဃတော နာဒီနံ "** ဟူသောသုတ်ဖြင့် 'ဃ' မှ နောက်ဖြစ်သော 'သ္မာ' ဝိဘတ်ကို 'အာယ' ပြု၊

ပညာယ

ကားပြီး၏။

**ဣဿရိယာယ ဇနံ ရက္ခတိ ရာဇာ ဣစ္စေဝမာဒိ၊**

| | |
|---|---|
| ဣဿရိယာယ | အစိုးရခြင်းကြောင့် |
| ရာဇာ | မင်းသည် |
| ဇနံ | လူကို |
| ရက္ခတိ | စောင့်ရှောက်၏ |
| ဣစ္စေဝမာဒိ | ဤသို့ အစရှိသည်တို့တည်း။ |

<u>ပဥ္စေ တ္ဝာလောပေ ကမ္မာဓိကရဏေသု၊</u>

| | |
|---|---|
| ပဥ္စေ | မေးခြင်းအနက်၌ |
| တ္ဝာလောပေ | တွာပစ္စယန္တကျေသော |
| ကမ္မာဓိကရဏေသု | ကံ ၊ အာဓာရ အရာတို့၌ |
| အပါဒါနံ | အပါဒါန်မည်သည် |
| ဟောတိ | ဖြစ်၏။ |

| **အဘိဓမ္မာ ပုစ္ဆန္တိ ၊** | | **အဘိဓမ္မံ သုတွာ ၊** | |
|---|---|---|---|
| အဘိဓမ္မာ | အဘိဓမ္မာမှ | အဘိဓမ္မံ | အဘိဓမ္မာကို |
| ပုစ္ဆန္တိ | မေးကုန်၏။ | သုတွာ | ကြားနာပြီး၍။ |

အဘိဓမ္မေ ဌတွာ ဝါ ၊

| | | |
|---|---|---|
| အဘိဓမ္မေ | အဘိဓမ္မာ၌ | |
| ဌတွာ | တည်ပြီး၍ | (အာဓာရအရာမှာ ဖြစ်သည့်ပုံစံ) |

| | |
|---|---|
| ဝါ | ကား |
| ပုစ္ဆတ္တိ | ပေးကုန်၏။ |

အာစရအရာမှာ ဖြစ်သည့်ပုံစံကို တွာလောပဖြစ်ပုံရှင်းပြပါ။

**အဘိဓမ္မာ ပုစ္ဆနတ္တိ** ၌ အဘိဓမ္မေ၌တ္တာ ဟု **'အဘိဓမ္မာ ပုစ္ဆတ္တိ' တွာပစ္စယန္တအနက်ဖြစ်သင့်လျှက်တွာပစ္စယန္တ သုတ် မပါရှိခြင်းကို တွာလောပ ဟုခေါ်ပါသည်။**

**ဝိနယာ ပုစ္ဆတ္တိ ၊** **ဝိနယံ သုတွာ ၊**

| | | | |
|---|---|---|---|
| ဝိနယာ | ဝိနည်းမှ | ဝိနယံ | ဝိနည်းကို |
| ပုစ္ဆတ္တိ | ပေးကုန်၏။ | သုတွာ | ကြားနာပြီး၍။ |

**ဝိနယေ ၌တွာ ဝါ ၊**

| | |
|---|---|
| ဝါ | တစ်နည်းကား |
| ဝိနယေ | ဝိနည်း၌ |
| ၌တွာ | တည်ပြီး၍ |
| ပုစ္ဆတ္တိ | ပေးကုန်၏။ |

**ဝိနယာ ပုစ္ဆတ္တိ** ၌ ဝိနယေ၌တွာ ဟု **'ဝိနယာ ပုစ္ဆတ္တိ' တွာပစ္စယန္တအနက်ဖြစ်သင့်လျှက်တွာပစ္စယန္တသုတ်မပါရှိခြင်းကို တွာလောပ ဟုခေါ်ပါသည်။**

**ဒုတိယာ စ တတိယာ စ ၊**

ဒုတိယာ ဝိဘတ်လည်းသက်၏၊ တတိယာဝိဘတ်လည်းသက်၏။

**အဘိဓမ္မံ ၊ အဘိဓမ္မေန ဝါ ၊**

| | |
|---|---|
| ဝါ | တနည်းကား၊ |
| အဘိဓမ္မံ | အဘိဓမ္မာမှ |
| အဘိဓမ္မေန | အဘိဓမ္မာမှ |

**ဝိနယံ ၊ ဝိနယေန ဝါ ၊**

| | |
|---|---|
| ဝါ | တနည်းကား၊ |
| ဝိနယံ | ဝိနည်းမှ |
| ဝိနယေန | ဝိနည်းမှ |

**ဇဝံ သုတ္တာ ၊ ဂေယျာ ၊ ဂါထာယ ၊ ဝေယျာကရဏာ ၊ ဥဒါနာ ၊ ဣတိဝုတ္တကာ ၊ ဇာတကာ ၊ အဗ္ဘုတဓမ္မာ ၊ ဝေဒလ္လာ ဣစ္စေဝမာဒိ ၊**

| | |
|---|---|
| ဇဝံ | ဤအတူ |
| သုတ္တာ | သုတ်မှ |
| ဂေယျာ | ဂေယျမှ |
| ဂါထာယ | ဂါထာမှ |
| ဝေယျာကရဏာ | ဝေယျာကရဏာမှ |
| ဥဒါနာ | ဥဒါန်းမှ |
| ဣတိဝုတ္တကာ | ဣတိဝုတ်မှ |
| ဇာတကာ | ဇာတ်မှ |
| အဗ္ဘုတဓမ္မာ | အဗ္ဘုတဓမ္မမှ |
| ဝေဒလ္လာ | ဝေဒလ္လမှ |
| ပုစ္ဆိတ္တိ | ပေးကုန်၏ |
| ဣစ္စေဝမာဒိ | ဤသို့ အစရှိသည်တို့တည်း။ |

**ကထနေ တ္ဟာလောပေ ကမ္မာဓိကရဏေသု၊**

| | |
|---|---|
| ကထနေ | ဖြစ်ခြင်းအနက်၌ |
| တ္ဟာလောပေ | တ္ဟာပစ္စယန္တကျေသော |
| ကမ္မာဓိကရဏေသု | ကံ ၊ အာစာရအရာတို့၌ |
| အပါဒါနံ | အပါဒါန်သည် |
| ဟောတိ | ဖြစ်၏။ |

| **အဘိဓမ္မာ ကထယန္တိ ၊** | | **အဘိဓမ္မာ သုတွာ ၊** | |
|---|---|---|---|
| အဘိဓမ္မာ | အဘိဓမ္မာမှ | အဘိဓမ္မာ | အဘိဓမ္မာကို |
| ကထယန္တိ | ဖြေဆိုကုန်၏။ | သုတွာ | ကြားနာပြီး၍။ |

အဘိဓမ္မေ ဌတွာ ဝါ ၊

| | |
|---|---|
| အဘိဓမ္မေ | အဘိဓမ္မာ၌ |
| ဌတွာ | တည်ပြီး၍ |
| ဝါ | ကား |
| ကထယန္တိ | ဖြေဆိုကုန်၏။ |

**အဘိဓမ္မာ ကထယန္တိ** ၌ အဘိဓမ္မေဌတွာ ဟု **'အဘိဓမ္မာ ကထယန္တိ' ဟုတွာပစ္စယန္တအနက်ဖြစ်သင့်လျှက်တွာပစ္စယန္တ ပုဒ်မပါရှိခြင်းကို တွာလောပ ဟုခေါ်ပါသည်။**

| **ဝိနယာ ကထယန္တိ ၊** | | **ဝိနယံ သုတွာ ၊** | |
|---|---|---|---|
| ဝိနယာ | ဝိနည်းမှ | ဝိနယံ | ဝိနည်းကို |
| ကထယန္တိ | ဖြေဆိုကုန်၏။ | သုတွာ | ကြားနာပြီး၍။ |

**ဝိနယေ ဌတွာ ဝါ ၊**

| | |
|---|---|
| ဝိနယေ | ဝိနည်း၌ |
| ဌတွာ | တည်ပြီး၍ |
| ဝါ | ကား |
| ကထယန္တိ | ဖြေဆိုကုန်၏။ |

(ဖြေခြင်းအနက် ၊ ကံအရာ ၊ အာစာရအရာတို့ တွာပစ္စယန္တ မပါခြင်းကြောင့် အပါဒါန်အမည်မှည့်)

**ဝိနယာ ကထယန္တိ** ၌ ဝိနယာ ဌတွာ ဟု **'ဝိနယာ ကထယန္တိ' တွာပစ္စယန္တအနက်ဖြစ်သင့်လျှက်တွာပစ္စယန္တ သုတ် မပါရှိခြင်းကို တွာလောပ ဟုခေါ်ပါသည်။**

**ဒုတိယာ စ တတိယာ စ ၊**

ဒုတိယာ ဝိဘတ်လည်းသက်၏၊ တတိယာဝိဘတ်လည်းသက်၏။

**အဘိဓမ္မံ ၊ အဘိဓမ္မေန ဝါ ၊**

| | |
|---|---|
| ဝါ | တနည်းကား၊ |
| အဘိဓမ္မံ | အဘိဓမ္မာမှ |
| အဘိဓမ္မေန | အဘိဓမ္မာမှ |

**ဝိနယံ ၊ ဝိနယေန ဝါ ၊**

| | |
|---|---|
| ဝါ | တနည်းကား၊ |
| ဝိနယံ | ဝိနည်းမှ |
| ဝိနယေန | ဝိနည်းမှ |
| ကထယန္တိ | ဖြေဆိုကုန်၏။ |

**ဇဝံ သုတ္တာ ၊ ဂေယျာ ၊ ဂါထာယ ၊ ဝေယျာကရဏာ ၊ ဥဒါနာ ၊ ဣတိဝုတ္တကာ ၊ ဇာတကာ ၊ အဗ္ဘုတဓမ္မာ ၊ ဝေဒလ္လာ ဣစ္စေဝမာဒိ ၊**

| | |
|---|---|
| ဇဝံ | ဤအတူ |
| သုတ္တာ | သုတ်မှ |
| ဂေယျာ | ဂေယျမှ |
| ဂါထာယ | ဂါထာမှ |
| ဝေယျာကရဏာ | ဝေယျာကရဏမှ |
| ဥဒါနာ | ဥဒါန်းမှ |
| ဣတိဝုတ္တကာ | ဣတိဝုတ်မှ |
| ဇာတကာ | ဇာတ်မှ |
| အဗ္ဘုတဓမ္မာ | အဗ္ဘုတဓမ္မမှ |
| ဝေဒလ္လာ | ဝေဒလ္လမှ |

| | |
|---|---|
| ကထယန္တိ | ဖြေဆိုကုန်၏။ |
| ဣစ္စေဝမာဒိ | ဤသို့ အစရှိသည်တို့တည်း။ |

**ထောကေ။**

| | |
|---|---|
| ထောကေ | အနည်းငယ်ဟူသော အနက်၌ |
| အပါဒါနံ | အပါဒါန်သည် |
| ဟောတိ | ဖြစ်၏။ |

**ထောကာ မုစ္စန္တိ။**

| | |
|---|---|
| ထောကာ | အနည်းငယ်ဖြင့် |
| မုစ္စန္တိ | အကျဉ်းမှလွတ်ကုန်၏။ |

(အနည်းငယ်သော အနက်နှင့်ယှဉ်သောကြောင့် 'ထောကာ' သည်အပါဒါန် မည်ပါသည်။)

(၁) ထောကာ ကို

ထောက လိင်တည်၊

'ဖြင့်' ဟူ၍ အနက်ပေးသောကြောင့် ကရိဏ်းအနက်ကို လျှဉ်းလုလတ်သော် **"ဒူရန္တိကဒ္ဓ…  "** ဟူသောသုတ်ဖြင့် အနည်းငယ်ဟူသောအနက်၌အပါဒါန် အမည်မှည့်၊

"အပါဒါနေ ပဉ္စမီ" ဟူသောသုတ်ဖြင့်…

အပါဒါန်အနက်၌ ပဉ္စမဧကဝုစ် 'သ္မာ' ဝိဘတ်သက်၊

ထောက + သ္မာ

" သ္မာ သ္မိံ နံ  ဝါ " ဟူသောသုတ်ဖြင့် 'သ္မာ' ဝိဘတ်ကို 'အာ' ပြု၊

ထောကာ

ကားပြီး၏။

**အပ္ပမတ္တကာ မုစ္စန္တိ။**

| | |
|---|---|
| အပ္ပမတ္တကာ | အနည်းငယ်ဖြင့် |

မုစ္စန္တိ အကျဉ်းမှလွတ်ကုန်၏။

(အနည်းငယ်သော အနက်နှင့်ယှဉ်သောကြောင့် 'အပ္ပမတ္တကာ' သည်အပါဒါန် မည်ပါသည်။)

(၂) အပ္ပမတ္တကာ ကို

အပ္ပမတ္တက လိင်တည်၊

'ဖြင့်' ဟူ၍ အနက်ပေးသောကြောင့် ကရိဏ်းအနက်ကို လျဉ်းလုလတ်သော် **"ဒူရန္တိကဒ္ဓ... "** ဟူသောသုတ်ဖြင့် အနည်းငယ်ဟူသောအနက်၌အပါဒါန် အမည်မှည့်၊

"အပါဒါနေ ပဉ္စမီ" ဟူသောသုတ်ဖြင့်...

အပါဒါန်အနက်၌ ပဉ္စမဧကဝုစ် 'သ္မာ' ဝိဘတ်သက်၊

အပ္ပမတ္တက + သ္မာ

" သ္မာ သ္မိံနံ ဝါ " ဟူသောသုတ်ဖြင့် 'သ္မာ' ဝိဘတ်ကို 'အာ' ပြု၊

အပ္ပမတ္တကာ

ကားပြီး၏။

**ကိစ္ဆာ မုစ္စန္တိ။**

ကိစ္ဆာ ငြိုငြင်ပင်ပန်းခြင်းဖြင့်

မုစ္စန္တိ အကျဉ်းမှလွတ်ကုန်၏။

(အနည်းငယ်သော အနက်နှင့်ယှဉ်သောကြောင့် 'ကိစ္ဆာ' သည်အပါဒါန် မည်ပါသည်။)

(၃) ကိစ္ဆာ ကို

ကိစ္ဆ လိင်တည်၊

'ဖြင့်' ဟူ၍ အနက်ပေးသောကြောင့် ကရိဏ်းအနက်ကို လျဉ်းလုလတ်သော် **"ဒူရန္တိကဒ္ဓ... "** ဟူသောသုတ်ဖြင့် အနည်းငယ်ဟူသောအနက်၌အပါဒါန် အမည်မှည့်၊

"အပါဒါနေ ပဉ္စမီ" ဟူသောသုတ်ဖြင့်...

အပါဒါန်အနက်၌ ပဉ္စမဧကဝုစ် 'သ္မာ' ဝိဘတ်သက်၊

ကိစ္စ + သမ္ဘာ

“သမ္ဘာ သိမ်ံ နံ  ဝါ ” ဟူသောသုတ်ဖြင့် ‘သမ္ဘာ’ ဝိဘတ်ကို ‘အာ’ ပြု၊

ကိစ္စာ

ကားပြီး၏။

တတိယာ စ ။  တတိယာဝိဘတ်လည်းသက်၏။

ထောကေန ..အပ္ပမတ္တကေန  အနည်းငယ်ဖြင့်

ကိစ္ဆေန  ငြိုငြင်ပင်ပန်းခြင်းဖြင့်

မုစ္စတိ  အကျဉ်းမှလွတ်ကုန်၏။

ဣစ္စေဝမာဒိ  ဤသို့အစရှိသည်တို့တည်း။

**အကတ္တရိ စ ၊**

အကတ္တရိ စ  ကာရကဟိတ်မဟုတ်သော ၊ ဉာပကဟိတ်အနက်၌လည်း

အပါဒါနံ  အပါဒါန်သည်

ဟောတိ  ဖြစ်၏။

**<u>ဟိတ်(၃)ပါးရှိသည်။</u>**

(၁)  ကာရကဟိတ်  ဖြစ်စေတတ်သည့်ဟိတ်

(၂)  သမ္ပာပကဟိတ်  ရောက်စေတတ်သည့်ဟိတ်

(၃)  ဉာပကဟိတ်  သိစေတတ်သောဟိတ်

**ကမ္မဿ ကတတ္တာ ဥပစိတတ္တာ ဥဿန္နတ္တာ ဝိပုလတ္တာ စက္ခုဝိညာဏံ ဥပ္ပန္နံ ဟောတိ ဣစ္စေဝမာဒိ ။**

ကမ္မဿ  ကံ၏

ကတတ္တာ  ပြုအပ်ပြီးသည်၏ အဖြစ်ကြောင့်

ဥပစိတတ္တာ  ဆည်းပူးအပ်ပြီးသည်၏ အဖြစ်ကြောင့်

| | |
|---|---|
| ဥဿန္နတ္တာ | များသည်၏အဖြစ်ကြောင့် |
| ဝိပုလတ္တာ | ပြန့်ပြောသည်၏အဖြစ်ကြောင့် |
| စက္ခုဝိညာဏံ | စက္ခုဝိညာဏ်သည် |
| ဥပ္ပန္နံ | ခဏတ္တယသို့ရောက်သည် |
| ဟောတိ | ဖြစ်၏။ |
| ဣစ္စေဝမာဒိ | ဤသို့အစရှိသည်တို့တည်း။ |

(သိစေတတ်သော ဉာပကဟိတ် အရာဖြစ်သောကြောင့် အပါဒါန်မည်ပါသည်။)

**စဂ္ဂဟဏေန** သေသေသုပိ ယေ မယာ နောပဒိဋ္ဌာ အပါဒါနပယောဂိကာ ၊ တေ ပယောဂဝိစက္ခဏေဟိ ယထာယောဂံ ယောဇေတဗ္ဗာ ။

| **စဂ္ဂဟဏေန** | **စသဒ္ဒါဖြင့်** |
|---|---|
| သေသေသုပိ | ကြွင်းကျန်သောအနက်၊အယုဉ်တို့၌လည်း |
| အပါဒါနပယောဂိကာ | အပါဒါန်ပုံစံဖြစ်ထိုက်ကုန်သော |
| ယေ သဒ္ဒါ | အကြင်သဒ္ဒါတို့ကို |
| မယာ | ငါသည် |
| နောပဒိဋ္ဌာ | မဖော်ပြခဲ့ကုန်သေး၊ |
| တေ သဒ္ဒါ | ထိုသဒ္ဒါတို့ကို |
| ပယောဂဝိစက္ခဏေဟိ | ပုံစံအရာ၌ လိမ္မာကုန်သော ပညာရှိတို့သည် |
| ယထာယောဂံ | ယှဉ်သင့်သည့် အားလျော်စွာ |
| ယောဇေတဗ္ဗာ | ယှဉ်အပ်ကုန်၏။ |

(စသဒ္ဒါဖြင့် အပါဒါန်ဖြစ်ထိုက်ကုန်သည့်ပုဒ်တို့ကို မပြရကုန်သေး။ထိုမပြရကုန်သည့်ပုဒ်တို့ကို ယှဉ်သင့်သည့် အားလျော်စွာ ပုံစံအရာ၌ လိမ္မာကုန်သော ပညာရှိတို့သည် ယှဉ်အပ်ကုန်၏။)

**(၁၁.၇.၂၀၁၉) ကြာသာပတေး**

**၂၇၆။ ယဿ ဓာတုကာမော ရောစတေ ဓာရယတေ ဝါ တံ သမ္ပဒါနံ ။**

| | |
|---|---|
| ယဿ | အကြင်ကာရကအားလည်း |

| | |
|---|---|
| ဒါတုကာမော | ပေးလို၏။ |
| ယဿ | အကြင်ကာရကအားလည်း |
| ရောစတေ | တင့်တယ်မြိန်ယှက်သက်ဝင်၏။ |
| ယဿ | အကြင်ကာရကအားလည်း |
| ဓာရယတေ | ဆောင်၏။ |
| ဝါ | ထိုပေးရာ |
| တံ | တင့်တယ်ရာ ဆောင်ရာကာရကသည် |
| သမ္ပဒါနံ | သမ္ပဒာန်မည်၏။ |

(ကောင်းစွာ ပေးရာ ၊ တင့်တယ်ရာ ၊ ဆောင်ရာ ကာရကသည် သမ္ပဒာန် မည်ပါသည်။)

**သမဏဿ စီဝရံ ဒဒါတိ ။**

| | |
|---|---|
| သမဏဿ | ရဟန်းအား |
| စီဝရံ | သင်္ကန်းကို |
| ဒဒါတိ | ပေးလှူ၏။ |

(ပေးလှူ၏ 'ဒဒါတိ' နှင့်ယှဉ်သောကြောင့် 'သာမဏဿ' ရဟန်းအား သည် အပဒါန်မည်ပါသည်။)

**သမဏဿ ရောစတေ သစ္စံ ။**

| | |
|---|---|
| သမဏဿ | ရဟန်းအား |
| သစ္စံ | မှန်သောစကားသည် |
| ရောစတေ | တင့်တယ်မြိန်ယှက်သက်ဝင်၏။ |

(တင့်တယ်မြိန်ယှက် သက်ဝင်၏ 'ရောစတေ' နှင့်ယှဉ်သောကြောင့် 'သာမဏဿ' ရဟန်းအား သည် အပဒါန် မည်ပါသည်။)

**(၁) သမဏဿ ကို**

သမဏ လိင်တည်၊

'အား' ဟူ၍ အနက်ပေးသောကြောင့် သမ္ပဒါန်အနက်ကို အလိုရှိရကား **"ယဿ ဒါတုကာမော ရောစတေ ဓာရယတေ**

**ဝါ တံ သမ္ပဒါနံ "** ဟူသောသုတ်ဖြင့် သမ္ပဒါန် အမည်မှည့်၊

"သမ္ပဒါနေ စတုတ္ထီ" ဟူသောသုတ်ဖြင့်...

သမ္ပဒါန်အနက်၌ စတုတ္ထီဧကဝုစ် 'သ' ဝိဘတ်သက်၊

သမဏ + သ

" သာဂမော သေ" ဟူသောသုတ်ဖြင့် 'သ' ဝိဘတ်ကြောင့် 'သ' လာ၊

သမဏဿ

ကားပြီး၏။

**ဒေဝဒတ္တဿ သုဝဏ္ဏစ္ဆတ္တံ ဓာရယတေ ယညဒတ္တော ။**

| | |
|---|---|
| ယညဒတ္တော | ယညဒတ်သည် |
| ဒေဝဒတ္တဿ | ဒေဝဒတ်အား |
| သုဝဏ္ဏစ္ဆတ္တံ | ရွှေထီးကို |
| ဓာရယတေ | ဆောင်းမိုး၏။ |

(ကောင်းစွာပေးရာ 'ဓာရယတေ' နှင့်ယှဉ်သောကြောင့် 'ဒေဝဒတ္တဿ' ဒေဝဒတ်အား သည် အပဒါန် မည် ပါသည်။)

(၂) **ဒေဝဒတ္တဿ ကို**

ဒေဝဒတ္တ လိင်တည်၊

'အား' ဟူ၍ အနက်ပေးသောကြောင့် သမ္ပဒါန်အနက်ကို အလိုရှိရကား **"ယဿ ဒါတုကာမော ရောစတေ ဓာရယတေ ဝါ တံ သမ္ပဒါနံ"** ဟူသောသုတ်ဖြင့် သမ္ပဒါန် အမည်မှည့်၊

"သမ္ပဒါနေ စတုတ္ထီ" ဟူသောသုတ်ဖြင့်...

သမ္ပဒါန် အနက်၌ စတုတ္ထီဧကဝုစ် 'သ' ဝိဘတ်သက်၊

ဒေဝဒတ္တ + သ

" သာဂမော သေ" ဟူသောသုတ်ဖြင့် 'သ' ဝိဘတ်ကြောင့် 'သ' လာ၊

ဒေဝဒတ္တဿ

ကားပြီး၏။

**သမ္ပဒါနမိစ္ဆနေန ကိတ္တော ?**

| | |
|---|---|
| သမ္ပဒါနေမိစ္ဆနေန | သမ္ပဒာန်အမည်သို့မှည့်ရသဖြင့် |
| ကွိတ္တော | ဘယ်အကျိုးရှိသနည်း။ |

**သမ္ပဒါနေ စတုတ္ထီ ။**

**"သမ္ပဒါနေ စတုတ္ထီ"**ဟူသောသုတ်၌ သမ္ပဒာန်ဟု ခေါ်ဆိုရခြင်း အကျိုးရှိ၏။

ဝါတိ ဝိကပ္ပနတ္ထံ၊

| | |
|---|---|
| ဝိကပ္ပနတ္ထံ | ဝိဘတ်အနက်ရှိသော |
| ဝါတိ | ဝါဟူသောပုဒ်ကို |
| ကသ္မာ | ကြောင့် |
| ယုဇ္ဇတိ | ယှဉ်အပ်သနည်း။ |

**( ဝိကပ်အနက်ရှိသော ဝါသဒ္ဒါကို အဘယ်ကြောင့်ယှဉ်အပ်သနည်း။ )**

**ဓာတုနာမာနံ ပယောဂေ ဝါ ဥပသဂ္ဂပ္ပယောဂေ ဝါ နိပါတပ္ပယောဂေ ဝါ သတိ အတ္ထဝိကပ္ပနတ္ထံ ဝါတိ ပဒံ ပယုဇ္ဇတိ။**

| | |
|---|---|
| ဓာတုနာမာနံ | သမ္ပဓာန်ကိုင်ငဲ့ကုန်သော အာချာတ် ၊နာမ်တို့သည် |
| ပယောဂေ ဝါ | ယှဉ်ရာပုဒ်သည်လည်းကောင်း၊ |
| ဥပသဂ္ဂပ္ပယောဂေ ဝါ | ဥပသာရ၏ယှဉ်ရာပုဒ်သည်လည်းကောင်း |
| နိပါတပ္ပယောဂေ ဝါ | နိပါဒ်၏ယှဉ်ရာပုဒ်သည်လည်းကောင်း |
| သတိ | ရှိလတ်သော် |
| အတ္ထဝိကပ္ပနတ္ထံ | အနက်ထူးကို ကြံခြင်းငှါ |
| ဝါတိ ပဒံ | ဝါဟူသော ပုဒ်ကို |
| ပယုဇ္ဇတိ | ယှဉ်အပ်၏။ |

( သမ္ပဒါန်ငဲ့ကုန်သော အာချာတ်နာမ်တို့၏ယှဉ်ရာပုဒ်၌၎င်း၊ ဥပသာရ၏ယှဉ်ရာပုဒ်၌၎င်း၊နိပါဒ်၏ယှဉ်ရာပုဒ်၌၎င်း၊ ရှိလတ်သော် အနက်ထူးကို ကြံခြင်းငှါ ဝါဟူသော ပုဒ်သည်ယှဉ်အပ်၏။)

| | |
|---|---|
| ဒါတု ကမ | သမ္ပဒါန် |
| ရောစတေ | သမ္ပဒါန် |
| ဓာရယတေ | သမ္ပဒါန် |

<u>**သမ္ပဒါန်(၃) မျိုး**</u>

| | | | |
|---|---|---|---|
| (၁) | သဒ္ဒ | သမ္ပဒါန် | အနက်သည် သမ္ပဒါန်ဖြစ် ၊ သဒ္ဒါ သမ္ပဒါန်မဖြစ်။ |
| (၂) | အတ္ထ | သမ္ပဒါန် | အနက်သည် သမ္ပဒါန်မဖြစ် ၊ သဒ္ဒါ သမ္ပဒါန်ဖြစ်။ |
| (၃) | သဒ္ဒတ္ထ | သမ္ပဒါန် | အနက်သည် သမ္ပဒါန်ဖြစ် ၊ သဒ္ဒါ သမ္ပဒါန်ဖြစ်။ |

**၂၇၇။ သိလာဃ ဟနု ဌာ, သပ ဓာရ , ပိဟ, ကုဓ , ဒုဟိေသောသူယ, ရာဓိက္ခ, ပစ္စာသုဏ, အနုပတိဂိဏ, ပုဗ္ဗကတ္တာရောစနတ္ထ, တဒတ္ထ , တုမတ္ထာ,လ,မတ္ထ , မညာ , နာဒရေပွါဏိနိ, ဂတျတ္ထကမ္မနိ, အာသီသတ္ထ သမ္မုတိ, ဘိယျ, သတ္တမျတ္ထေသု စ ။ ***********

| | |
|---|---|
| ဒုဟိေသောသူယ | ဒုဟ + ဣဿ + ဥသူယ |
| ရာဓိက္ခ | ရာဓ + ဣက္ခ |
| ပစ္စာသုဏ | ပတိ + အာသုဏ |
| အနုပတိဂိဏ | အနုပတိဂိဏ |
| ပုဗ္ဗကတ္တာရောစနတ္ထ | ပုဗ္ဗကတ္တု + အာရောစနတ္ထ |
| တုမတ္ထာလမတ္ထ | တုမတ္ထ + လမတ္ထ |
| မညာနာဒရေပွါဏိနိ | မညာ + အနဒရ + အပွါ ဏိနိ |
| ဂတျတ္တကမ္မနိ | ဂတျတ္တ + ကမ္မနိ |

| | |
|---|---|
| သိလာဃ | သိလာဃဓာတ် |
| ဟနု | ဟနုဓာတ် |
| ဌာ, | ဌာဓာတ် |
| သပ | သပဓာတ် |
| ဓာရ , | ဓာရဓာတ် |
| ပိဟ, | ပိဟဓာတ် |

| | |
|---|---|
| ကုခ | ကုခဓာတ် |
| , ဒုဟိေသာသူယ, | ဒုဟဓာတ်၊ ကြသဓာတ်၊ ဥသူယဓာတ် |
| ရာခိက္ခ, | ရာခဓာတ်၊ ကြက္ခဓာတ်တို့၏ ယှဉ်ရာ |
| ပစ္စာသုဏ, | ပတိရှေ့ ၊အာရှေ့ရှိသော သုဓာတ် |
| အနုပတိဂိဏ, | အနုရှေ့ ၊ပတိရှေ့ရှိသော ဂေဓာတ်တို့၏ |
| ပုဗ္ဗကတ္တု | ရှေ့ဝါကျရှိကတ္တား |
| အာ ရောစနတ္ထ, | ပြောဆိုခြင်းအနက်ရှိသောဓာတ်၏ ယှဉ်ရာ |
| တဒတ္ထ , | ထိုထိုကြိယာ၏ အကျိုး |
| တုမတ္ထာ,လ,မတ္ထ | တုံပစ္စည်း၏ အနက် ၊ထိုက်ခြင်းအနက်ရှိသော သဒ္ဒါ၏ ယှဉ်ရာ |
| , မညာ , နာဒရပ္ပါဏိနိ, | မထီမဲ့မြင် ၊အောက်မေ့အပ် ၊မရိုသေအပ် ၊သတ္တဝါမဟုတ်သည်၌၄င်း၊ |
| ဂတျတ္ထကမ္မနိ, | ဂတိအနက်ရှိသော ဓာတ်တို့၏၊ ကံ၌၄င်း၊ |
| အာသီသတ္ထ | တောင်းတခြင်းအနက်ရှိသောသဒ္ဒါ |
| သမ္မုတိ, | သမ္မုတိသဒ္ဒါ |
| ဘိယျ, | ဘိယျသဒ္ဒါတို့၏ ယှဉ်ရာ |
| သတ္တမျတ္ထေသု စ | သတ္တမီဝိဘတ်၏ အနက်တို့၌၄င်း |
| ယံ ကာရကံ | အကြင်ကာရကသည် |
| အတ္ထိ | ဖြစ်၏။ |
| တံ ကာရကံ | ထိုကာရကသည် |
| သမ္ပဒါနံ | သမ္ပဒါန်မည်သည် |
| ဟောတိ | ဖြစ်၏။ |

**(သမ္ပဒါန်အမည်မှည့်သောသုတ်..နှစ်သုတ်) ( သုတ်စဉ်...၂၇၇ ..ဝုတ္တိ ကျက်ရန်)**

| | |
|---|---|
| သိလာဃ | သိလာဃဓာတ် |
| ဟနု | ဟနုဓာတ် |
| ဌာ, | ဌာဓာတ် |

| | |
|---|---|
| သပ | သပဓာတ် |
| ဓာရ , | ဓာရဓာတ် |
| ပိဟ, | ပိဟဓာတ် |
| ကုစ | ကုစဓာတ် |
| , (ဒုဟ) | ဒုဟဓာတ်၊ |
| (ဣသ) | ဣသဓာတ်၊ |
| ဣစ္စေတေသံ ဓာတူနံ | ဆိုအပ်ကုန်သောဓာတ်တို့၏ |
| ပယောဂေ | အယှဉ်၌၄င်း၊ |
| ဥသူယတ္ထာနဥစ | ပြုစုခြင်းအနက်ရှိကုန်သောဓာတ်တို့၏ |
| ပယောဂေ | အယှဉ်၌၄င်း၊ |
| ရာဓိက္ခပ္ပယောဂေ | ရာဓဓာတ်၊ ဣက္ခဓာတ်တို့၏ ယှဉ်ရာ၌၄င်း၊ |
| ပစ္စာသုဏအနုပတိဂိဏာနံ | ပတိရှေ့ ၊အာရှေ့ရှိသော သုဓာတ် |
| | အနုရှေ့ ၊ပတိရှေ့ရှိသော ဂဓာတ်တို့၏ |
| ပုဗ္ဗကတ္တရိ | ရှေ့ဝါကျရှိကတ္တား၌၄င်း၊ |
| အာ ရောစနတ္ထေ | ပြောဆိုခြင်းအနက်၌၄င်း၊ |
| တဒတ္ထေ | ထိုထိုကြိယာ၏ အကျိုး၌၄င်း၊ |
| တုမတ္ထေ | တုံပစ္စည်း၏ အနက် ၌၄င်း၊ |
| အလမတ္ထေ | ထိုက်ခြင်း၊ပယ်ခြင်းအနက်ရှိသောအလံသဒ္ဒါ၏ အယှဉ်၌၄င်း၊ |
| , မညတိပ္ပယောဂေ | မညတိသဒ္ဒါနှင့်ယှဉ်သော |
| အနာဒရေ | မရှိသေအပ်သော |
| အပ္ပါဏိနိ | သတ္တဝါမဟုတ်သည်၌၄င်း၊ |
| ဂတျတ္ထာနံ | ဂတိအနက်ရှိကုန်သော |
| ဓာတူနံ | ဓာတ်တို့၏ |
| ကမ္မနိ | ကံ၌၄င်း၊ |
| အာသီသတ္ထေ | တောင်းတခြင်းအနက်ရှိသောသဒ္ဒါ၏ အယှဉ်၌၄င်း၊ |

| | |
|---|---|
| သမ္မုတိ | သမ္မုတိသဒ္ဒါ |
| ဘိယျ | ဘိယျသဒ္ဒါ |
| သတ္တမျတ္ထေသု စ | သတ္တမီဝိဘတ်၏အနက်တို့၌၄င်း |
| တံ ကာရကံ | ထိုကာရကသည် |
| သမ္ပဒါနသညံ | သမ္ပဒါန်မည်သည် |
| ဟောတိ | ဖြစ်၏။ |

( သုတ်တစ်သုတ်တွင်..

သုတ်စဉ် ၊ ဝုတ္တိ ၊ ပြယုဂ် (၃) မျိုးပါ။ )

<u>**သိလာဃပ္ပယောဂေ ၊**</u>

| | |
|---|---|
| သိလာဃပ္ပယောဂေ | သိလာဃဓာတ်နှင့်ယှဉ်ရာ၌ |
| သမ္ပဒါနံ | သမ္ပဒါ န်မည်သည် |
| ဟောတိ | ဖြစ်၏။ |

**တာဝ ဗုဒ္ဓဿ သိလာဃတေ၊**

| | |
|---|---|
| တာဝ | ရှေးဦးစွာ |
| ဗုဒ္ဓဿ | ဘုရားအား(ဝါ ) ဘုရားကို |
| သိလာဃတေ | ချီးမွမ်း၏။ |

( 'သိလာဃ ' ဓာတ်နှင့် ယှဉ်သောကြောင့် 'ဗုဒ္ဓဿ ' ဘုရားအား သည် သမ္ပဒါန် ဖြစ်ရပါသည်)

**(၁) ဗုဒ္ဓဿ ကို**

ဗုဒ္ဓ လိင်တည်၊

'အား ' ဟူ၍ အနက်ပေးသောကြောင့် သမ္ပဒါန်အနက်ကို အလိုရှိရကား **"သိလာဃ…"** ဟူသောသုတ်ဖြင့် သမ္ပဒါန် အမည်မှည့်၊

"သမ္ပဒါနေ စတုတ္ထီ" ဟူသောသုတ်ဖြင့်…

သမ္ပဒါန် အနက်၌ စတုတ္ထီဧကဝုစ် 'သ' ဝိဘတ်သက်၊

ဗုဒ္ဓ + သ

" သာဂမော သေ" ဟူသေ ာသုတ်ဖြင့် 'သ' ဝိဘတ်ကြောင့် 'သ' လာ၊

ဗုဒ္ဓဿ

ကားပြီး၏။

**ဓမ္မဿ သိလာဃတေ၊**

ဓမ္မဿ တရားအား(ဝါ ) တရားကို

သိလာဃတေ ချီးမွမ်း၏။

( 'သိလာဃ' ဓာတ်နှင့် ယှဉ်သောကြောင့် 'ဓမ္မဿ' တရားအား သည် သမ္ပဒါန် ဖြစ်ရပါသည်)

(၂) **ဓမ္မဿ ကို**

ဓမ္မ လိင်တည်၊

'အား' ဟူ၍ အနက်ပေးသောကြောင့် သမ္ပဒါန်အနက်ကို အလိုရှိရကား **"သိလာဃ…"** ဟူသောသုတ်ဖြင့် သမ္ပဒါန် အမည်မှည့်၊

"သမ္ပဒါနေ စတုတ္ထီ" ဟူသောသုတ်ဖြင့်…

သမ္ပဒါန် အနက်၌ စတုတ္ထီဧကဝုစ် 'သ' ဝိဘတ်သက်၊

ဓမ္မ + သ

" သာဂမော သေ" ဟူသောသုတ်ဖြင့် 'သ' ဝိဘတ်ကြောင့် 'သ' လာ၊

ဓမ္မဿ

ကားပြီး၏။

**သံဃဿ သိလာဃတေ၊**

သံဃဿ သံဃာအား(ဝါ ) သံဃာကို

သိလာဃတေ ချီးမွမ်း၏။

( 'သိလာဃ' ဓာတ်နှင့် ယှဉ်သောကြောင့် 'သံဃဿ' သံဃာအား သည် သမ္ပဒါန် ဖြစ်ရပါသည်)

(၃)  **သံဃဿ  ကို**

သံဃ  လိင်တည်၊

'အား' ဟူ၍ အနက်ပေးသောကြောင့် သမ္ပဒါန်အနက်ကို အလိုရှိရကား **"သိလာဃ..."** ဟူသောသုတ်ဖြင့် သမ္ပဒါန် အမည်မှည့်၊

"သမ္ပဒါနေ စတုတ္ထီ" ဟူသောသုတ်ဖြင့်...

သမ္ပဒါန် အနက်၌ စတုတ္ထီဧကဝုစ် 'သ' ဝိဘတ်သက်၊

သံဃ + သ

"သာဂမော သေ" ဟူသောသုတ်ဖြင့် 'သ' ဝိဘတ်ကြောင့် 'သ' လာ၊

သံဃဿ

ကားပြီး၏။

**သက်ဉပဇ္ဈာယဿ သိလာဃတေ ၊**

သက်ဉပဇ္ဈာယဿ  မိမိဉပဇ္ဈာယ်ဆရာအား(ဝါ) မိမိဉပဇ္ဈာယ်ဆရာကို

သိလာဃတေ  ချီးမွမ်း၏။

('သိလာဃ' အနက်နှင့် ယှဉ်သောကြောင့် 'သက်ဉပဇ္ဈာယဿ' မိမိဉပဇ္ဈာယ်ဆရာအား သည် သမ္ပဒါန် ဖြစ်ရပါသည်)

(၄)  သက်ဉပဇ္ဈာယဿ  **ကို**

သက်ဉပဇ္ဈာယ  လိင်တည်၊

'အား' ဟူ၍ အနက်ပေးသောကြောင့် သမ္ပဒါန်အနက်ကို အလိုရှိရကား **"သိလာဃ..."** ဟူသောသုတ်ဖြင့် သမ္ပဒါန် အမည်မှည့်၊

"သမ္ပဒါနေ စတုတ္ထီ" ဟူသောသုတ်ဖြင့်...

သမ္ပဒါန် အနက်၌ စတုတ္ထီဧကဝုစ် 'သ' ဝိဘတ်သက်၊

သက်ဉပဇ္ဈာယ + သ

"သာဂမော သေ" ဟူသောသုတ်ဖြင့် 'သ' ဝိဘတ်ကြောင့် 'သ' လာ၊

သက်ဉပဇ္ဈာယဿ

ကားပြီး၏။

**တဝ သိလာဃတေ ၊**

| | |
|---|---|
| တဝ | သင့်အား(ဝါ ) သင့်ကို |
| သိလာဃတေ | ချီးမွမ်း၏။ |

( 'သိလာဃ'အနက်နှင့် ယှဉ်သောကြောင့် 'တဝ'သင့်အား သည် သမ္ပဒါန် ဖြစ်ရပါသည်)

**(၅) တဝ ကို**

တုံမှ လိင်တည်၊

'အား' ဟူ၍ အနက်ပေးသောကြောင့် သမ္ပဒါန်အနက်ကို အလိုရှိရကား **"သိလာဃ..."** ဟူသောသုတ်ဖြင့် သမ္ပဒါန် အမည်မှည့်၊

"သမ္ပဒါနေ စတုတ္ထီ" ဟူသောသုတ်ဖြင့်...

သမ္ပဒါန် အနက်၌ စတုတ္ထီဧကဝုစ် 'သ' ဝိဘတ်သက်၊

တုံမှ + သ

" တဝ မမ သေ" ဟူသောသုတ်ဖြင့် 'သ'ဝိဘတ်ကြောင့် 'တုမှ'သဒ္ဒါကို ဝိဘတ်နှင့်တစ်ကွ 'တဝ'ပြု၊

တဝ

ကားပြီး၏။

**မမ သိလာဃတေ ဣစ္ဆေဝမာဒိ ။**

| | |
|---|---|
| မမ | ငါ့အား (ဝါ ) ငါ့ကို |
| သိလာဃတေ | ချီးမွမ်း၏။ |
| ဣစ္ဆေဝမာဒိ | ဤသို့အစရှိသည်တို့တည်း။ |

( 'သိလာဃ'အနက်နှင့် ယှဉ်သောကြောင့် 'မမ'ငါ့အား သည် သမ္ပဒါန် ဖြစ်ရပါသည်)

**(၆) မမ ကို**

အံမှ လိင်တည်၊

'အား' ဟူ၍ အနက်ပေးသောကြောင့် သမ္ပဒါန်အနက်ကို အလိုရှိရကား **"သိလာဃ..."** ဟူသောသုတ်ဖြင့် သမ္ပဒါန် အမည်မှည့်၊

"သမ္ပဒါနေ စတုတ္ထီ" ဟူသောသုတ်ဖြင့်...

သမ္ပဒါန် အနက်၌ စတုတ္ထီဧကဝုစ် 'သ' ဝိဘတ်သက်၊

အံမှ + သ

"တဝ မမ သေ" ဟူသောသုတ်ဖြင့် 'သ' ဝိဘတ်ကြောင့် 'အမှ' သဒ္ဒါကို ဝိဘတ်နှင့်တစ်ကွ 'မမ' ပြု၊

မမ

ကားပြီး၏။

**တေ ၊ တယာ ၊ တွံ ၊ တဝ ၊ တယိ၊ ဝေါ ⟶ တုံမှ လိင်တည်၊**

**မေ ၊ မယာ ၊ မယိ ၊ မမ ၊ မယံ ၊ အဟံ၊ ⟶ အံမှ လိင်တည်၊**

**(၁၂.၇.၂၀၁၉) သောကြာနေ့**

**<u>ဟနုပ္ပယောဂေ</u>**

| | |
|---|---|
| ဟနုပ္ပယောဂေ | ဟနုဓာတ်နှင့်ယှဉ်ရာ၌ |
| သမ္ပဒါနံ | သမ္ပဒါန်မည်သည် |
| ဟောတိ | ဖြစ်၏။ |

**ဟနုတေ တုယှမေဝ ၊**

| | |
|---|---|
| တုယှမေဝ | သင့်အားသာလျှင်(ဝါ ) သင့်ကိုသာလျှင် |
| ဟနုတေ | ခွန်းတုံ့မပြန်လိမ်လည်ဉာဏ်နှင့်နေ၏။ |

('ဟနု' ဓာတ်နှင့်ယှဉ်သောကြောင့် 'တုယှံ' သည် 'အပါဒါန်' ဖြစ်ရပါသည်။)

**(၁) တုယှမေဝ ကို**

တုယှံဧဝ ဟုပုဒ်ဖြတ်၊

"မဒါ သရေ" ဟူသောသုတ်ဖြင့်နောက် 'ဧ' သရကြောင့် နောက် 'ယှံ' အထက်၌ရှိသော နိဂ္ဂဟိတ်ကို 'မ' ပြု၊

တုယှမေဝ ကားပြီး၏။

**(၂) တုယံ ကို**

တုမှ လိင်တည်၊

'အား' ဟူ၍ အနက်ပေးသောကြောင့် သမ္ပဒါန်အနက်ကို အလိုရှိရကား **"သိလာဃ ဟနု ဌာ.. "** ဟူသောသုတ်ဖြင့် သမ္ပဒါန် အမည်မှည့်၊

"သမ္ပဒါနေ စတုတ္ထီ" ဟူသောသုတ်ဖြင့်...

သမ္ပဒါန်အနက်၌ စတုတ္ထီဧကဝုစ် 'သ' ဝိဘတ်သက်၊

တုမှ + သ

"တုံယုံ မယှဥ္စ" ဟူသောသုတ်ဖြင့် 'တုံမှ' သဒ္ဒါကို ဝိဘတ်နှင့် တစ်ကွ 'တုံယုံ' ပြု၊

တုယံ

ကားပြီး၏။

**ဟနုတေ မယှမေဝ ၊**

| | |
|---|---|
| မယှမေဝ | ငါ့အားသာလျှင်(ဝါ ) သင့်ကိုသာလျှင် |
| ဟနုတေ | စကားမမြွက် လိမ်လျှက်နေ၏။ |
| ဣစ္စေဝမာဒိ | ဤသို့အစရှိသည်တို့တည်း။ |

**(၃) မယှမေဝ ကို**

မယှံဧဝ ဟုပုဒ်ဖြတ်၊

"မဒါ သရေ" ဟူသောသုတ်ဖြင့်နောက် 'ဧ' သရကြောင့် နောက် 'ယှံ' အထက်၌ရှိသော နိဂ္ဂဟိတ်ကို 'မ' ပြု၊

မယှမေဝ

ကားပြီး၏။

**(၄) မယှံ ကို**

အံမှ လိင်တည်၊

'အား' ဟူ၍ အနက်ပေးသောကြောင့် သမ္ပဒါန်အနက်ကို အလိုရှိရကား **"သိလာဃ ဟနု ဌာ.. "** ဟူသောသုတ်ဖြင့် သမ္ပဒါန် အမည်မှည့်၊

"သမ္ပဒါနေ စတုတ္ထီ" ဟူသောသုတ်ဖြင့်...

သမ္ပဒါန်အနက်၌ စတုတ္ထီဧကဝုစ် 'သ' ဝိဘတ်သက်၊

အံမှ + သ

"တုံယုံ မယုဠ္စ" ဟူသောသုတ်ဖြင့် 'အံမှ' သဒ္ဒါကို ဝိဘတ်နှင့် တစ်ကွ 'မယှံ' ပြု၊

မယှံ

ကားပြီး၏။

<u>ဌာပယောဂေ</u>

| | |
|---|---|
| ဌာပယောဂေ | ဌာဓာတ်နှင့်အယှဉ်၌ |
| သမ္ပဒါနံ | သမ္ပဒန်မည်သည် |
| ဟောတိ | ဖြစ်၏။ |

**ဥပတိဋ္ဌေယျ သကျပုတ္တာနံ ဝဍ္ဍကီ၊**

| | |
|---|---|
| ဝဍ္ဍကီ | လက်သမားသည် |
| သကျပုတ္တာနံ | သာကီဝင်မင်းသားတို့အား |
| ဥပတိဋ္ဌေယျ | လုပ်ကျွေးခစားအနီး၌ တည်ရာ၏။ |

( 'ဥပတိဋ္ဌေယျ' မှ 'ဌာ' ဓာတ်နှင့်ယှဉ်သောကြောင့် 'သကျပုတ္တာနံ' သည် သမ္ပဒါန် ဖြစ်ရပါသည်။)

**ဘိက္ခုဿ ဘုဥ္ဇန္တဿ ပါနီယေန ဝါ ဝိဓူပနေန ဝါ ဥပတိဋ္ဌေယျ ဘိက္ခုနီ ဣစ္စေဝမာဒိ ။**

| | |
|---|---|
| ဘိက္ခုနီ | ဘိက္ခုနီမသည် |
| ဘုဥ္ဇန္တဿ | ဆွမ်းစားဆဲသော |
| ဘိက္ခုဿ | ရဟန်းအား |
| ပါနီယေန ဝါ | ရေဖြင့်သော်၎င်း၊ |
| ဝိဓူပနေန ဝါ | ယပ်လေခတ်ခြင်းဖြင့်သော်၎င်း၊ |
| ဥပတိဋ္ဌေယျ | လုပ်ကျွေးခစားအနီး၌ တည်ငြားအံ့၊ |
| ဣစ္စေဝမာဒိ | ဤသို့အစရှိသည်တို့တည်း။ |

( 'ဥပတိဋ္ဌေယျ' မှ 'ဌာ' ဓာတ်နှင့်ယှဉ်သောကြောင့် 'ဘိက္ခုဿ' သည် သမ္ပဒါန် ဖြစ်ရပါသည်။)

**<u>သပပ္ပယောဂေ</u>**

| | |
|---|---|
| သပပ္ပယောဂေ | 'သပ' ဓာတ်နှင့်ယှဉ်ရာ၌ |
| သမ္ပဒါနံ | သမ္ပဒန်မည်သည် |
| ဟောတိ | ဖြစ်၏။ |

( 'သပ' ဓာတ်နှင့်ယှဉ်သောကြောင့် သမ္ပဒါန် ဖြစ်ရပါသည်။)

**တုယှံ သပတေ ၊**

| | |
|---|---|
| တုံယှံ | သင့်အား |
| သပတေ | နှစ်သက်စေလိုကျိန်စာဆို၏။ |

( 'သပတေ' ဝယ် 'သပ' ဓာတ်နှင့်ယှဉ်သောကြောင့်'တုံယှံ'သည် သမ္ပဒါန် ဖြစ်ရပါသည်။)

**မယှံ သပတေ ဣစ္စေဝမာဒိ ၊**

| | |
|---|---|
| မယှံ | ငါ့အား |
| သပတေ | နှစ်သက်စေလိုကျိန်စာဆို၏။ |
| ဣစ္စေဝမာဒိ | ဤသို့အစရှိသည်တို့တည်း။ |

( 'သပတေ' ဝယ် 'သပ' ဓာတ်နှင့်ယှဉ်သောကြောင့်'မယှံ'သည် သမ္ပဒါန် ဖြစ်ရပါသည်။)

**ဓာရပ္ပယောဂေ**

| | |
|---|---|
| ဓာရပ္ပယောဂေ | 'ဓာရ' ဓာတ်နှင့်ယှဉ်ရာ၌ |
| သမ္ပဒါနံ | သမ္ပဒန်မည်သည် |
| ဟောတိ | ဖြစ်၏။ |

( 'သပ' ဓာတ်နှင့်ယှဉ်သောကြောင့် သမ္ပဒါန် ဖြစ်ရပါသည်။)

**သုဝဏ္ဏံ တေ ဓာရယတေ ဣစ္စေဝမာဒိ ။**

| | |
|---|---|
| ဣဏာယိကော | မြီစားသည် |

| | |
|---|---|
| တေ | သင်မြီရှင်အား |
| သုဝဏ္ဏံ | ရွှေကို |
| ဓာရယတေ | ဆောင်နှင်းဆပ်သွား၏။ |
| ဣစ္စေဝမာဒ | ဤသို့ အစရှိသည်တို့တည်း။ |

( 'ဓာရယတေ' မှ 'ဓာရ' ဓာတ်နှင့်ယှဉ်သောကြောင့် 'တေ' သည် သမ္ပဒါန် ဖြစ်ရပါသည်။)

**(၁) တေ ကို**

တုံမှ လိင်တည်၊

'အား' ဟူ၍ အနက်ပေးသောကြောင့် သမ္ပဒါန်အနက်ကို အလိုရှိရကား **"သိလာဃ ဟနု ဌာ.. "** ဟူသောသုတ်ဖြင့် သမ္ပဒါန် အမည်မှည့်၊

"သမ္ပဒါနေ စတုတ္ထီ" ဟူသောသုတ်ဖြင့်…

သမ္ပဒါန်အနက်၌ စတုတ္ထီဧကဝုစ် 'သ' ဝိဘတ်သက်၊

တုံမှ + သ

" တေမေကဝစနေသု စ" ဟူသောသုတ်ဖြင့် 'တုံမှ' သဒ္ဒါကို ဝိဘတ်နှင့် တစ်ကွ 'တေ' ပြု၊

တေ

ကားပြီး၏။

**ပိဟပ္ပယောဂေ (အလိုရှိ ၊ ပီယ ၊ လိုလား၊ ချစ်ခင် ၊ကြင်နာ)**

| | |
|---|---|
| ပိဟပ္ပယောဂေ | 'ပိဟ' ဓာတ်နှင့်ယှဉ်ရာ၌ |
| သမ္ပဒါနံ | သမ္ပဒန်မည်သည် |
| ဟောတိ | ဖြစ်၏။ |

**ဗုဒ္ဓဿ အညတိတ္ထိယာ ပိဟယန္တိ။**

| | |
|---|---|
| အညတိတ္ထိယာ | တပါးသောတိတ္ထိတို့သည် |
| ဗုဒ္ဓဿ | ဘုရားအား (ဝါ ) ဘုရားကို |
| ပိဟယန္တိ | ချစ်မြတ်နိုးကုန်၏။(ဝါ ) တောင့်တကုန်၏။ |

( 'ပိဟယန္တိ'မှ 'ပိဟ' ဓာတ်နှင့်ယှဉ်သောကြောင့် 'ဗုဒ္ဓသ'သည် သမ္ပဒါန် ဖြစ်ရပါသည်။)

**(၁) ဗုဒ္ဓသ ကို**

ဗုဒ္ဓ လိင်တည်၊

'အား' ဟူ၍ အနက်ပေးသောကြောင့် သမ္ပဒါန်အနက်ကို အလိုရှိရကား **"သိလာဃ ဟနု ဌာ.. "** ဟူသောသုတ်ဖြင့် သမ္ပဒါန် အမည်မှည့်၊

"သမ္ပဒါနေ စတုတ္ထီ" ဟူသောသုတ်ဖြင့်...

သမ္ပဒါန်အနက်၌ စတုတ္ထီဧကဝုစ် 'သ' ဝိဘတ်သက်၊

ဗုဒ္ဓ + သ

" သာဂမော သေ" ဟူသောသုတ်ဖြင့် 'သ'ဝိဘတ်ကြောင့် 'သ'လာ ၊

ဗုဒ္ဓသ

ကားပြီး၏။

**ဒေဝါ ဒဿနကာမာ တေ ၊**

တေ အရှင်နေမိမင်းကြီးအား (ဝါ ) အရှင်နေမိမင်းကြီးကို

ဒေဝါ နတ်တို့သည်

ဒဿနကာမာ ရှုမြင်လိုကြပါကုန်၏။

( 'ဒဿနကာမာ'မှ 'ပိဟ' ဓာတ်နှင့်ယှဉ်သောကြောင့် 'တေ'သည် သမ္ပဒါန် ဖြစ်ရပါသည်။)

**ယတော ဣစ္ဆာမိ ဘဒ္ဒန္တဿ၊**

ယတော အကြင်အကြောင်းကြောင့်

ဘဒ္ဒန္တဿ အရှင်ကောင်းအား(ဝါ ) အရှင်ကောင်းကို

ဣစ္ဆာမိ အလိုရှိ၏။

( 'ဣစ္ဆာမိ'မှ 'ပိဟ' ဓာတ်နှင့်ယှဉ်သောကြောင့် 'ဘဒ္ဒန္တဿ'သည် သမ္ပဒါန် ဖြစ်ရပါသည်။)

**(၂) ဘဒ္ဒန္တဿ ကို**

ဘဒ္ဒန္တ လိင်တည်၊

'အား' ဟူ၍ အနက်ပေးသောကြောင့် သမ္ပဒါန်အနက်ကို အလိုရှိရကား **"သိလာဃ ဟနု ဌာ.. "** ဟူသောသုတ်ဖြင့် သမ္ပဒါန် အမည်မှည့်၊

"သမ္ပဒါနေ စတုတ္ထီ" ဟူသောသုတ်ဖြင့်...

သမ္ပဒါန်အနက်၌ စတုတ္ထီဧကဝုစ် 'သ' ဝိဘတ်သက်၊

ဘဒ္ဒန္တ + သ

" သာဂမော သေ" ဟူသောသုတ်ဖြင့် 'သ' ဝိဘတ်ကြောင့် 'သ' လာ ၊

ဘဒ္ဒန္တဿ

ကားပြီး၏။

**သမိဒ္ဓါနံ ပိဟယန္တိ ဒလိဒ္ဒါ ဣစ္စေဝမာဒိ ။**

ဒလိဒ္ဒါ သူဆင်းရဲတို့သည်

သမိဒ္ဓါနံ ကြွယ်ဝကုန်သောသူတို့အား

ပိဟယန္တိ ချစ်မြတ်နိုးကုန်၏။

ဣစ္စေဝမာဒိ ဤသို့အစရှိသည်။

( 'ပိဟယန္တိ' မှ 'ပိဟ' ဓာတ်နှင့်ယှဉ်သောကြောင့် 'သမိဒ္ဓါနံ' သည် သမ္ပဒါန် ဖြစ်ရပါသည်။)

**(၃) သမိဒ္ဓါနံ ကို**

သမိဒ္ဓ လိင်တည်၊

'အား' ဟူ၍ အနက်ပေးသောကြောင့် သမ္ပဒါန်အနက်ကို အလိုရှိရကား **"သိလာဃ ဟနု ဌာ.. "** ဟူသောသုတ်ဖြင့် သမ္ပဒါန် အမည်မှည့်၊

"သမ္ပဒါနေ စတုတ္ထီ" ဟူသောသုတ်ဖြင့်...

သမ္ပဒါန်အနက်၌ စတုတ္ထီဗဟုဝုစ် 'နံ' ဝိဘတ်သက်၊

သမိဒ္ဓ + နံ

"သုနံဟိသု စ" ဟူသောသုတ်ဖြင့် နောက် 'နံ' ဝိဘတ်ကြောင့် 'ဒ္ဓ' ၏မှီရာ 'အ' သရကို 'အာ' ဒီဃပြု၊

သမိဒ္ဓါနံ

ကားပြီး၏။

**ကုစ ဒုဟ ဣသ ဥသူယပ္ပယောဂေ ၊**

| | |
|---|---|
| ကုစ ဒုဟ ဣသ ဥသူယပ္ပယောဂေ | **ကုဓာတ် ၊ ဒုဟဓာတ် ၊ ဣသဓာတ် ၊ ဥသူယဓာတ်**တို့၏ယှဉ်ရာ၌ |
| သမ္ပဒါနံ | သမ္ပဒန်မည်သည် |
| ဟောတိ | ဖြစ်၏။ |

**ကောဓယတိ ဒေဝဒတ္တဿ ၊**

| | |
|---|---|
| ဒေဝဒတ္တဿ | ဒေဝဒတ်အား(ဝါ ) ဒေဝဒတ်ကို |
| ကောဓယတိ | အမျက်ထွက်၏။ |

( 'ကောဓယတိ'မှ 'ကုဓ' ဓာတ်နှင့်ယှဉ်သောကြောင့် 'ဒေဝဒတ္တဿ'သည် သမ္ပဒါန် ဖြစ်ရပါသည်။)

**(၁) ဒေဝဒတ္တဿ ကို**

ဒေဝဒတ္တ လိင်တည်၊

'အား' ဟူ၍ အနက်ပေးသောကြောင့် သမ္ပဒါန်အနက်ကို အလိုရှိရကား **"သိလာဃ ဟနု ဌာ.. "** ဟူသောသုတ်ဖြင့် သမ္ပဒါန် အမည်မှည့်၊

"သမ္ပဒါနေ စတုတ္ထီ" ဟူသောသုတ်ဖြင့်...

သမ္ပဒါန်အနက်၌ စတုတ္ထီဧကဝုစ် 'သ' ဝိဘတ်သက်၊

ဒေဝဒတ္တ + သ

" သာဂမော သေ" ဟူသောသုတ်ဖြင့် 'သ'ဝိဘတ်ကြောင့် 'သ'လာ ၊

ဒေဝဒတ္တဿ ကားပြီး၏။

အမျက်ထွက်ခြင်းအနက်သည် ကုဓဓာတ်ဖြစ်ပါသည်။ (မကျေနပ် ၊မနှစ်သက် ၊ အလိုမကျ)

**တသ္မာ ကုဇ္ဈ မဟာဝီရ ၊**

| | |
|---|---|
| မဟာဝီရ | ကြီးသောလုံ့လရှိသော ရှင်ရသေ့ |
| တသ္မာ | ထိုကလာဗု မင်းအား |
| ကုဇ္ဈ | အမျက်ထွက်တော်မူပါ။ |

( 'ကုဇ္ဈ' ဝယ် 'ကုဓ' ဓာတ်နှင့်ယှဉ်သောကြောင့် 'တသ္မာ' သည် သမ္ပဒါန် ဖြစ်ရပါသည်။)

(၂) **တသ္မာ ကို**

တ လိင်တည်၊

'အား' ဟူ၍ အနက်ပေးသောကြောင့် သမ္ပဒါန်အနက်ကို အလိုရှိရကား **"သိလာဃ ဟနု ဌာ.. "** ဟူသောသုတ်ဖြင့် သမ္ပဒါန် အမည်မှည့်၊

"သမ္ပဒါနေ စတုတ္ထီ" ဟူသောသုတ်ဖြင့်...

"ကတ္တရိ စ" ဟူသောသုတ်ဖြင့် ကတ္တားအနက်၌ တတိယာ ဧကဝုစ် 'နာ' ဝိဘတ်သက်၊

ဂရုဠ + နာ

**"အတော နေန"** ဟူသောသုတ်ဖြင့် 'အကာရန္တ'မှ နောက်ဖြစ်သော 'နာ'ဝိဘတ်ကို 'နေ'ပြု၊

ဂရုဠေန

ကားပြီး၏။

(၃) ဗုဒ္ဓေန ကို

ဗုဒ္ဓ လိင်တည်၊

'သည်'ဟူ၍ အနက်ပေးသောကြောင့် ကတ္တားအနက်ကို အလိုရှိရကား **"ယော ကရောတိ သ သတ္တာ"** ဟူသော သုတ်ဖြင့် ကတ္တား အမည်မှည့်၊

"ကတ္တရိ စ" ဟူသောသုတ်ဖြင့် ကတ္တားအနက်၌ တတိယာ ဧကဝုစ် 'နာ' ဝိဘတ်သက်၊

ဗုဒ္ဓ + နာ

**"အတော နေန"** ဟူသောသုတ်ဖြင့် 'အကာရန္တ'မှ နောက်ဖြစ်သော 'နာ'ဝိဘတ်ကို 'နေ'ပြု၊

ဗုဒ္ဓေန

ကားပြီး၏။

(၄) ဥပဂုတ္တေန ကို

ဥပဂုတ္တ လိင်တည်၊

'သည်'ဟူ၍ အနက်ပေးသောကြောင့် ကတ္တားအနက်ကို အလိုရှိရကား **"ယော ကရောတိ သ သတ္တာ"** ဟူသော သုတ်ဖြင့် ကတ္တား အမည်မှည့်၊

"ကတ္တရိ စ" ဟူသောသုတ်ဖြင့် ကတ္တားအနက်၌ တတိယာ ဧကဝုစ် 'နာ' ဝိဘတ်သက်၊

ဥပဂုတ္တ + နာ

**"အတော နေန"** ဟူသောသုတ်ဖြင့် 'အကာရန္တ'မှ နောက်ဖြစ်သော 'နာ'ဝိဘတ်ကို 'နေ'ပြု၊

ဥပဂုတ္တေန

ကားပြီး၏။

"ယသ္မာ ဒပေတိ ဘယမာဒတ္တေ ဝါ တဒပါဒါနံ" ဟူသောသုတ်ဖြင့် 'အပါဒါန်' အမည်မှည့်။
"အပါဒါနေ ပဉ္စမီ" ဟူသောသုတ်ဖြင့် တတိယာဝိဘတ်သက် ၊

"ယဿ ဒါတုကာမော ရောစတေ ဓာရယတေ ဝါ တံ သမ္ပဒါနံ" ဟူသောသုတ်ဖြင့် 'သမ္ပဒာန်' အမည်မှည့်။
"သမ္ပဒါနေ စတုတ္ထီ" ဟူသောသုတ်ဖြင့် တတိယာဝိဘတ်သက်၊

"ယော ဓာရော တမောကာသံ" ဟူသောသုတ်ဖြင့် 'ဩကာသ' အမည်မှည့်။
"ဩကာသေ သတ္တမီ" ဟူသောသုတ်ဖြင့် တတိယာဝိဘတ်သက်၊

"ယေန ဝါ ကယိရတေ တံ ကရဏံ" ဟူသောသုတ်ဖြင့် 'ကရိုဏ်း' အမည်မှည့်။
"ကရဏေ တတိယာ" ဟူသောသုတ်ဖြင့် တတိယာဝိဘတ်သက်၊

"ယံ ကရောတိ တံ ကမ္မံ" ဟူသောသုတ်ဖြင့် 'ကံ' အမည်မှည့်။
"ကံမ္မတ္တေ ဒုတိယာ" ဟူသောသုတ်ဖြင့် တတိယာဝိဘတ်သက်၊

"ယော ကရောတိ သ သတ္တာ" ဟူသောသုတ်ဖြင့် 'ကတ္တား' အမည်မှည့်။ (သုဒ္ဓကတ္တား)
"ကတ္တရိ စ" ဟူသောသုတ်ဖြင့် တတိယာ ဝိဘတ်သက်၊

၂၈၂။ ယော ကာရေတိ သ ဟေတု ။

| | |
|---|---|
| ယော | အကြင်ကာရကသည် |
| ကတ္တာရံ | ကတ္တားတစ်ပါးကို |
| ကာရေတိ | ပြုစေတတ်၏ ။ |
| သသော | ထိုပြုစေတတ်သော ကာရကသည် |
| ဟေတု | ဟေတုကတ္တားမည်၏ ။ |

(**"ယော ကာရေတိ သ ဟေတု"** သုတ်သည် ' ဟေတု ' ကတ္တားအမည်မှည့်သော သုတ်ဖြစ်ပါသည်။)

**မိမိကိုယ်တိုင် ပြုလုပ်တတ်သောကတ္တားသည် (သုဒ္ဓကတ္တား)**

**သူတစ်ပါးတို့အား စေခိုင်းတိုက်တွန်းတတ်သော ကတ္တားသည် (ဟေတုကတ္တား)**

**( ကြိယာပုဒ်မှာ 'စေ' ဆိုသည့် စကားလုံးပါလျှင် ...ဟေတုကတ္တားဟုခေါ်သည်။ )**

**သော ပုရိသော တံ ပုရိသံ ကမ္မံ ကာရေတိ ၊**

| | |
|---|---|
| သော ပုရိသော | ထိုယောကျ်ားကို |
| ကမ္မံ | အမှုကို |
| ကာရေတိ | ပြုစေ၏။ |

**သော ပုရိသော တေန ပုရိသေန ကမ္မံ ကာရေတိ ၊**

| | |
|---|---|
| သော ပုရိသော | ထိုယောကျ်ားသည် |
| တေန ပုရိသေန | ထိုယောကျ်ားကို |
| ကမ္မံ | အမှုကို |
| ကာရေတိ | ပြုစေ၏။ |

**သော ပုရိသော တဿ ပုရိသဿံ ကမ္မံ ကာရေတိ ၊**

| | |
|---|---|
| သော ပုရိသော | ထိုယောကျ်ားသည် |
| တဿ ပုရိသဿ | ထိုယောကျ်ားကို |
| ကမ္မံ | အမှုကို |
| ကာရေတိ | ပြုစေ၏။ |

**( ထိုယောကျ်ားသည် သူကိုယ်တိုင် မလုပ်ဘဲ သူတပါးကို ခိုင်းစေသောကြောင့် 'ဟေတု' ကတ္တားမည်ပါသည်။ )**

**( သူတပါးတို့အား စေခိုင်းတိုက်တွန်းတတ်သော ကတ္တားသည် 'ဟေတု' ကတ္တားဖြစ်သည်။ )**

**(ကိုယ်ကိုတိုင်ပြုလုပ်တတ်သော ကတ္တားသည် 'သုဒ္ဓ' ကတ္တားဖြစ်သည်)**

*** ကာရိတ်ကံမှာ ရှာတုံက သုဒ္ဓကတ္တားသာလျှင်တည်း။

**ကာရိတ်ကံမှာ** ဒုတိယာနှင့်တတိယာ ၊ ဆဋ္ဌီ သုံးလီဝိဘတ် ၊ သက်တုံလဒ် ၊ ကျမ်းမြတ် ဤသို့ မိန့်သနည်း။

**(ဟေတုကတ္တား)**

| | | | |
|---|---|---|---|
| ပြုလုပ်၏။ | (သုဒ္ဓကတ္တားလာ) | စား၏။ | (သုဒ္ဓကတ္တားလာ) |
| ပြုလုပ်စေ၏။ | (ဟေတုကတ္တားလာ) | စားစေ၏။ | (ဟေတုကတ္တားလာ) |
| | | | |
| သွား၏။ | (သုဒ္ဓကတ္တားလာ) | ကြား၏။ | (သုဒ္ဓကတ္တားလာ) |
| သွားစေ၏။ | (ဟေတုကတ္တားလာ) | ကြားစေ၏။ | (ဟေတုကတ္တားလာ) |

**ဇဝံ** ဤအတူ

**ဟာရေတိ** ဆောင်စေ၏။

**ပါဠေတိ** ရွတ်စေ၏။

**ပါစေတိ** ချက်စေ၏။

**ဓာရေတိ** ဆောင်စေ၏။

ပုရိသော ကမ္မံ ကရောတိ ၊ ( သုဒ္ဓကတ္တားဟောဝါကျ)

ပုရိသော ပုရိသံ ကမ္မံ ကာရေတိ ၊ (ပြုလုပ်စေ၏။) (ကရဓာတ် ၊ နေပစ္စည်း၊ တိဓာတ်)

**ပုရိသံ** (ဒုတိယာ)

**ပုရိသေန** (တတိယာ)

**ပုရိသဿ** (ဆဋ္ဌီ)

**ပုရိသော** **ဩဒနံ** **ပစတိ ၊**

ယောကျ်ားသည် ထမင်းကို ချက်၏။

ပုရိသော ပုရိသံ ဩဒနံ ပါစေတိ ၊
ယောက်ျားသည် ယောက်ျားကို ထမင်းကို ချက်စေ၏။

| | |
|---|---|
| ပုရိသေန | (တတိယာ) |
| ပုရိသဿ | (ဆဋ္ဌီ) |

**သာမဏေရော ဝါစံ ပဌတိ ၊**
**သာမဏေသည် စာစကားကို ရွတ်၏။**

သာမဏေရော သာမဏေရံ ဝါစံ ပါဌေတိ ၊
သာမဏေသည် သူငယ်ချင်းသာမဏေတစ်ပါးကို စာစကားကို ရွတ်စေ၏။

အာစရိယော သာမဏေရံ ဝါစံ ပါဌေတိ ၊
ဆရာသည် သာမဏေကို စာစကားကို ရွတ်စေ၏။

| | |
|---|---|
| သာမဏေရေန | (တတိယာ) |
| သာမဏေရဿ | (ဆဋ္ဌီ) |

**ဟေတုကတ္တုနေန ကွတ္ထော ?**

| | |
|---|---|
| ဟေတုကတ္တုနေန | ဟေတုကတ္တားအမည်ကို မှည့်ရသဖြင့် |
| ကွတ္ထော ကောအတ္ထော | အဘယ်အကျိုးရှိသနည်း။ |

**ဓာတူဟိ ဏေ ဏယ ဏာပေ ဏာပယာ ကာရိတာနိ ဟေတွတ္ထေ ။**

စသည်တို့၌ 'ဟေတု' ကတ္တားဟုခေါ်ဆိုရခြင်း အကျိုးရှိ၏။

**၂၈၃။ ယဿ ဝါ ပရိဂ္ဂဟော တံ သာမိ။**

| | |
|---|---|
| ယဿ ဝါ | အကြင်သူ၏လည်း |
| ပရိဂ္ဂဟော | သိမ်းဆည်းအပ်သော ဥစ္စာသည် |

| | |
|---|---|
| ဟောတိ | ဖြစ်၏။ |
| တံ | ထိုဥစ္စာရှင်သည် |
| သာမိ | သာမီမည်သည်(ဝါ )သမ္ဗာန်မည်သည် |
| ဟောတိ | ဖြစ်၏။ |

( သာမီ အမည်/ သမ္ဗာန်အမည် မှည့်သောသုတ် )

( '၏' ဟုပေးက သမ္ဗာန္ဓ) (သာမ္ဗာန်)

(သိမ်းဆည်းအပ်သော ဥစ္စာရှင်သည် သာမီ မည်ပါသည်)

**တဿ ဘိက္ခုနော ပဋိဝီသော ။**

| | |
|---|---|
| တဿ ဘိက္ခုနော | ထိုရဟန်း၏ |
| ပဋိဝီသော | အဖို့အစု၊ |

( '၏' ဟုအနက်ပေးသောကြောင့် "တဿ ဘိက္ခုနော" ထိုရဟန်း၏ သည် သာမီ မည်ပါသည်။ )

**တဿ ဘိက္ခုနော ပတ္တော ။**

| | |
|---|---|
| တဿ ဘိက္ခုနော | ထိုရဟန်း၏ |
| ပတ္တော | သပိတ် |

**တဿ ဘိက္ခုနော စီဝရံ ။**

| | |
|---|---|
| တဿ ဘိက္ခုနော | ထိုရဟန်း၏ |
| စီဝရံ | သင်္ကန်း |

**အတ္တနော မုခံ ။**

| | |
|---|---|
| အတ္တနော | မိမိ၏ |
| မုခံ | မျက်နှာ |

**သာမိက္လစ္စနေန ကွတ္တော ?**

သာမိက္လစ္စနေန   သာမိအမည်ကို မှည့်ရသဖြင့်

ကွတ္တော ကောအတ္တော   အဘယ်အကျိုးရှိသနည်း။

**သာမိသွိ ဆဋ္ဌီ ။**

သာမိသွိ ဆဋ္ဌီ   သာမိ ၊သွိ ၊ဆဋ္ဌီ တို့၌ သာမိဟု ခေါ်ဆိုရခြင်း အကျိုးရှိ၏။

**"ယဿ ဝါ ပရိဂ္ဂဟော တံ သာမီ"** ဟူသောသုတ်ဖြင့် 'သာမီ' အမည်မှည့်၊

**"သာမိသွိ ဆဋ္ဌီ"** ဟူသောသုတ်ဖြင့် ဆဋ္ဌီအမည်မှည့်၊

(၁)   ဘိက္ခု့နော   ကို

ဘိက္ခု   လိင်တည်၊

"ယဿ ဝါ ပရိဂ္ဂဟော တံ သာမ" ဟူသောသုတ်ဖြင့် 'သာမီ' အမည်မှည့်၊

"သာမိသွိ ဆဋ္ဌီ" ဟူသောသုတ်ဖြင့် ဆဋ္ဌီဝိဘတ်သက်၊

ဘိက္ခု + သ

"က္လဝဏ္ဏုဝဏ္ဏာစျ လာ " ဟူသောသုတ်ဖြင့် 'ဥ' ကို 'လ' အမည်မှည့် ၊

ဘိက္ခု + သ
(လ)

"ဈလနော တဿနောဝါ" ဟူသောသုတ်ဖြင့် 'လ' မှနောက်ဖြစ်သော 'သ' ဝိဘတ်ကို 'နော' ပြု၊

ဘိက္ခုနော

ကားပြီး၏။

**၂၈၄။ လိင်္ဂတ္ထေ ပဌမာ ။**

သဒ္ဒေ   သုဒ္ဓနာမ်၊ သင်္ချာ ၊ ဥပသာရ ၊နိပါတ် ၊ သမာသ် ၊ တဒ္ဓိတ် ၊ ကိတ်ပြီးသဒ္ဒါသည်

လိင်္ဂတ္ထေ   အနက်ထူးထွေမပါ ၊သကတ် ၊ဒြဗ် ၊လိင်ဟူသော အနိပ္ဖန္နလိင်္ဂတ္ထမျှရှိသည်(ဝါ )

၊သကတ် ၊ဒြဗ် ၊လိင် သင်္ချာသာမန် ၊ကာရကသာမန် ဟူသော အနိပ္ဖန္နလိင်၏

အနက်မျှသာ ရှိသည်

| | |
|---|---|
| သတိ | ဖြစ်လတ်သော် |
| တဒတ္တဓာတနတ္ထံ | ထိုအတ္တမတ္တကို ထွန်းပြခြင်းအကျိုးငှါ |
| လိင်္ဂတော | လိင်မှ |
| ပဌံ | နောက်၌ |
| ပဌမာ | ပဌမာဝိဘတ်သည် |
| ဟောတိ | ဖြစ်၏။ |

( လိင်အနက်၌ ပဌမာ ဝိဘတ်သက်)

( လျှို့ဝှက်အပ်သော ၊ဖုံးကွယ်အပ်သော ကြောင့် လိင်္ဂ )

| | | |
|---|---|---|
| ပုရိသော | ယောက်ျားသည် | (လိင်) |
| ပုရိသာ | ယောက်ျားတို့သည် | |
| ဧကော | တစ်ယောက် | (သင်္ချာ) |
| ဒွေ | နှစ်ယောက်တို့ | |
| စ | 'စ' သဒ္ဒါ | (နိပါတ်) |
| ဝါ | 'ဝါ ' သဒ္ဒါ | |
| ဟေ | 'ဟေ' သဒ္ဒါ | |
| အဟေ | 'အဟေ' သဒ္ဒါ | |
| ရေ | 'ရေ' သဒ္ဒါ | |
| အရေ | 'အရေ' သဒ္ဒါ | |

(၁) ပုရိသော ကို

ပုရိသ လိင်တည်

'အို' ဟူ၍အမည်ပေးသောကြောင့် 'လိင်'အနက်၌ "ပရသမညာ ပယောဂေ" ဟူသောသုတ်ဖြင့် 'လိင်' အမည်မှည့်၊

'လိင်္ဂတ္ထေ ပဌမာ' ဟူသောသုတ်ဖြင့် လိင်အနက်၌ ပဌမာဧကဝုစ် 'သိ'ဝိဘတ်သက်။

ပုရိသ + သိ

'သော'ဟူသောသုတ်ဖြင့် 'သိ'ဝိဘတ်ကို 'ဩ' ပြု၊

ပုရိသော

ကားပြီး၏။

(၂) ပုရိသာ ကို

ပုရိသ လိင်တည်

'အို' ဟူ၍အမည်ပေးသောကြောင့် 'လိင်'အနက်၌ "ပရသမညာ ပယောဂေ" ဟူသောသုတ်ဖြင့် 'လိင်' အမည်မှည့်၊

'လိင်္ဂတ္ထေ ပဌမာ' ဟူသောသုတ်ဖြင့် လိင်အနက်၌ ပဌမာဗဟုဝုစ် 'ယော'ဝိဘတ်သက်။

ပုရိသ + ယော

'သဗ္ဗယောနီ နမာဇ'ဟူသောသုတ်ဖြင့် 'ယော'ဝိဘတ်ကို 'အာ' ပြု၊

ပုရိသာ

ကားပြီး၏။

**၂၈၅။ အာလပနေ စ ။**

| | |
|---|---|
| သဒ္ဒေ | သုဒ္ဓနာမ်၊ သင်္ချာ ၊ ဥပသာရ ၊နိပါတ် ၊ သမာသ် ၊ တဒ္ဓိတ် ၊ ကိတ်ပြီးသဒ္ဒါသည် |
| အာလပနေ စ | ရှေ့ရှုခေါ်ငင်ခြင်း၊ ခေါ်ငင်အပ်သော အာလုပ်အနက် ၊အပိုအလွန်ရှိသော |
| လိင်္ဂတ္ထေ | လိင်သည် |
| သတိ စ | ဖြစ်သော်လည်း |
| တဒတ္ထဇောတနတ္ထံ | ထိုအာလုပ်နှင့်တစ်ကွသော အတ္ထမတ္တကိုထွန်းပြခြင်းအကျိုးငှါ |
| လိင်္ဂတော | လိင်မှ |
| ပရံ | နောက်၌ |
| ပဌမာ | ပဌမာဝိဘတ်သည် |
| ဟောတိ | ဖြစ်၏။ |

(အာလုပ်အနက်၌ ပဌမာဝိဘတ်သက်)

ရှေ့ရှုခေါ်အပ်သောကြောင့် အာလုပ် မည်၏။

| | |
|---|---|
| ဘော ပုရိသ | အိုယောက်ျား |
| ဘဝန္တော ပုရိသာ | အို..ယောက်ျားတို့ |
| ဘော..ရာဇ | အို…မင်း |
| ဘဝန္တော ရာဇာနော | အို..မင်းတို့ |
| ဟေ သခေ | အို…ခင်ပွန်း |
| ဟေ သခိနော | အို..ခင်ပွန်းတို့ |

**(၂၀.၇.၂၀၁၉) စနေနေ့**

**၂၈၆။ ကရဏေ တတိယာ ။ (ဖြင့်)**

| | |
|---|---|
| ကရဏေ | ကရိုဏ်းအနက်၌ |
| တတိယာ | တတိယာဝိဘတ်သည် |
| ဟောတိ | ဖြစ်၏။ |

**( 'ဖြင့်' ဆိုသော စကား အဆုံးသတ်လျှင် ကရိုဏ်းအနက်၌ တတိယာဝိဘတ် သက်ရပါသည်။)**

**၂၇၉။ "ယေန ဝါ ကယိရတေ တံ ကရဏံ" ဟူသောသုတ် ဖြင့် ကရိုဏ်း အမည်မှည့် ။**

**၂၈၆။ "ကရဏေ တတိယာ" ဟူသောသုတ်ဖြင့် တတိယာဝိဘတ်သက် ။**

**အဂ္ဂိနာ ကုဋိံ ဈာပေတိ ၊**

| | |
|---|---|
| အဂ္ဂိနာ | မီးဖြင့် |
| ကုဋိံ | ကုဋီကို(တဲအိမ်ကို) |
| ဈာပေတိ | လောင်ကျွမ်းစေ၏။ |

( 'ဖြင့်' ဆိုသော အနက်ကြောင့် မီးဖြင့်ဟူသော 'အဂ္ဂိနာ' သည် ကရဏကာရက ဖြစ်ရပါသည်)

**"အဂ္ဂိနာ ကုဋ္ဌိ ဈာပေတိ" တွင် အဘယ်အနက်၌ အဘယ်သုတ်ဖြင့် အဘယ်ဝိဘတ်သက်ထားသည်ကိုဖြေဆိုပါ။**

"အဂ္ဂိနာ ကုဋ္ဌိ ဈာပေတိ" တွင်.....

ကရိုဏ်း အနက်၌ ၊ 'ကရဏေ တတိယာ' ဟူသောသုတ်ဖြင့် တတိယာဝိဘတ် သက်ထားပါသည်။

(၁) **အဂ္ဂိနာ** ကို

အဂ္ဂိ လိင်တည်၊

'ဖြင့်' ဟူ၍ အနက်ပေးသောကြောင့် ကရိုဏ်းအနက်ကို အလိုရှိရကား "ယေန ဝါ ကယိရတေ တံ ကရဏံ" ဟူသော သုတ် ဖြင့် ကရိုဏ်း အမည်မှည့်၊

"ကရဏေ တတိယာ" ဟူသောသုတ်ဖြင့် ကရိုဏ်းအနက်၌ တတိယာ ဧကဝုစ် 'နာ' ဝိဘတ်သက် ၊

အဂ္ဂိနာ

ကားပြီး၏ ။

**မနသာ စေ ပဒုဋ္ဌေန ၊**

| | |
|---|---|
| ပဒုဋ္ဌေန | ပြစ်မှားလိုသော |
| မနသာ | စိတ်ဖြင့် |
| စေ ဘာသတိဝါ | အကယ်၍ ဆိုမူလည်း ဆိုငြားအံ့။ |

( 'ဖြင့်' ဆိုသော အနက်ကြောင့် စိတ်ဖြင့် ဟူသော 'မနသာ' သည် ကရဏကာရက ဖြစ်ရပါသည်)

(၂) **မနသာ** ကို

မနသ လိင်တည်၊

'ဖြင့်' ဟူ၍ အနက်ပေးသောကြောင့် ကရိုဏ်းအနက်ကို အလိုရှိရကား "ယေန ဝါ ကယိရတေ တံ ကရဏံ" ဟူသော သုတ် ဖြင့် ကရိုဏ်း အမည်မှည့်၊

"ကရဏေ တတိယာ" ဟူသောသုတ်ဖြင့် ကရိုဏ်းအနက်၌ တတိယာ ဧကဝုစ် 'နာ' ဝိဘတ်သက် ၊

မနသ + နာ

"နာ အာ" ဟူသောသုတ်ဖြင့် 'နာ' ဝိဘတ်ကို 'အာ' ပြု၊

မနသာ ကားပြီး၏ ။

**မနသာ စေ ပသန္နေန ၊**

| | |
|---|---|
| ပသန္နေန | ကြည်ညိုသော |
| မနသာ | စိတ်ဖြင့် |
| စေ ဘာသတိဝါ | အကယ်၍ ဆိုမူလည်း ဆိုငြားအံ့။ |

( 'ဖြင့်' ဆိုသော အနက်ကြောင့် စိတ်ဖြင့် ဟူသော 'မနသာ' သည် ကရဏကာရက ဖြစ်ရပါသည်)

**ကာယေန ကမ္မံ ကရောတိ ။**

| | |
|---|---|
| ကာယေန | ကိုယ်ဖြင့် |
| ကမ္မံ | အမှုကိစ္စကို |
| ကရောတိ | ပြုလုပ်၏။ |

( 'ဖြင့်' ဆိုသော အနက်ကြောင့် ကိုယ်ဖြင့် ဟူသော 'ကာယေန' သည် ကရဏကာရက ဖြစ်ရပါသည်)

(၃) **ကာယေန** ကို

ကာယ လိင်တည် ၊

'ဖြင့်' ဟူ၍ အနက်ပေးသောကြောင့် ကရိဏ်းအနက်ကို အလိုရှိရကား **"ယေန ဝါ ကယိရတေ တံ ကရဏံ"** ဟူသော သုတ် ဖြင့် ကရိဏ်း အမည်မှည့်၊

**"ကရဏေ တတိယာ"** ဟူသောသုတ်ဖြင့် ကရိဏ်းအနက်၌ တတိယာ ဧကဝုစ် 'နာ' ဝိဘတ်သက် ၊

ကာယ + နာ

**"အတော နေန"** ဟူသောသုတ်ဖြင့် 'အကာရန္တ' မှ နောက်ဖြစ်သော 'နာ' ဝိဘတ်ကို 'ဧန' ပြု၊

ကာယေန

ကားပြီး၏။

၂၈၇။ ။ **သဟာဒိယောဂေ စ ။** **(နှင့်)**

| | |
|---|---|
| သဟာဒိယောဂေ စ | သဟာဒိယောဂ အနက်၌လည်း |
| တတိယာ | တတိယာဝိဘတ်သည် |
| ဟောတိ | ဖြစ်၏။ |

**( 'နှင့်' ဆိုသော စကား အဆုံးသတ်လျှင် 'သဟာဒိယောဂ' အနက်၌ တတိယာဝိဘတ် သက်ရပါသည်။)**

**သဟာဒိ =　　သဟ + အာဒိ**

သဟာဒိ ၌ အာဒိအရ **“ ဝိနာ(ကင်း၍) ၊ သဒ္ဓိံ (အတူတကွ)၊ သမံ(အတူအမျှ)”** ပုဒ်တို့ကို ယူရပါမည်။

**“ပရ သမညာ ပယောဂေ” ဟူသောသုတ် ဖြင့် ‘သဟာဒိယောဂ ’ အမည်မှည့် ။**

**၂၈၇။　“သဟာဒိယောဂေ စ” ဟူသောသုတ်ဖြင့် တတိယာဝိဘတ်သက် ။**

**သဟာပိ ဂင်္ဂေန သံဃော ဥပေါသထံ ကရေယျ ၊**

| | |
|---|---|
| ဂင်္ဂေန | ဂင်္ဂရဟန်းရှုးနှင့် |
| သဟာပိ | တကွငှင်း၊ |
| သံဃော | သံဃာသည် |
| ဥပေါသထံ | ဥပုသ်ကို |
| ကရေယျ | ပြုရာ၏။ |

( ‘နှင့် ’ ဆိုသော အနက်ကြောင့် ဂင်္ဂရဟန်းရှုးနှင့် ဟူသော ‘ဂင်္ဂေန ’ သည် ‘သဟာဒိယောဂ ’ အနက်၌ တတိယာ ဝိဘတ် သက်ရပါသည်။)

**ဝိနာပိ ဂင်္ဂေန သံဃော ဥပေါသထံ ကရေယျ ၊**

| | |
|---|---|
| ဂင်္ဂေန | ဂင်္ဂရဟန်းရှုးနှင့် |
| ဝိနာပိ | ကင်း၍ငှင်း၊ |
| သံဃော | သံဃာသည် |
| ဥပေါသထံ | ဥပုသ်ကို |
| ကရေယျ | ပြုရာ၏။ |

( ‘နှင့် ’ ဆိုသော အနက်ကြောင့် ဂင်္ဂရဟန်းရှုးနှင့် ဟူသော ‘ဂင်္ဂေန ’ သည် ‘သဟာဒိယောဂ ’ အနက်၌ တတိယာ ဝိဘတ် သက်ရပါသည်။)

(၁)　**ဂင်္ဂေန**　　ကို

ဂင်္ဂ　　လိင်တည် ၊

'နှင့်'ဟူ၍ အနက်ပေးသောကြောင့် 'သဟာဒိယောဂ'အနက်ကို အလိုရှိရကား **"ပရ သမညာ ပယောဂေ "** ဟူသောသုတ် ဖြင့် 'သဟာဒိယောဂ' အမည်မှည့်၊

**"သဟာဒိယောဂေ စ"** ဟူသောသုတ်ဖြင့် 'သဟာဒိယောဂ'အနက်၌ တတိယာ ဧကဝုစ် 'နာ' ဝိဘတ်သက်၊

ဂဂ္ဂ + နာ

**"အတော နေန"** ဟူသောသုတ်ဖြင့် 'အကာရန္တ'မှ နောက်ဖြစ်သော 'နာ'ဝိဘတ်ကို 'နေ'ပြု၊

ဂဂ္ဂေန

ကားပြီး၏။

**မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ၊ သဟဿေန သမံ မိတာ။**

| | |
|---|---|
| မဟတာ | များမြတ်သော |
| ဘိက္ခုသံဃေန | ရဟန်းအပေါင်းနှင့် |
| သဒ္ဓိံ | အတူတကွ |
| သဟဿေန | တစ်ထောင်နှင့် |
| သမံ | အတူအမျှ |
| မိတာ | နှိုင်းယှဉ်အပ်ကုန်၏။ |

( 'နှင့်' ဆိုသော အနက်ကြောင့် ရဟန်း အပေါင်းနှင့် ဟူသော 'ဘိက္ခုသံဃေန'နှင့် တစ်ထောင်နှင့် ဟူသော 'သဟဿေန'တို့သည် 'သဟာဒိယောဂ'အနက်၌ တတိယာ ဝိဘတ် သက်ရပါသည်။)

(၂) **ဘိက္ခုသံဃေန** ကို

ဘိက္ခုသံဃ လိင်တည်၊

'နှင့်'ဟူ၍ အနက်ပေးသောကြောင့် 'သဟာဒိယောဂ'အနက်ကို အလိုရှိရကား "ပရ သမညာ ပယောဂေ " ဟူသောသုတ် ဖြင့် 'သဟာဒိယောဂ' အမည်မှည့်၊

"သဟာဒိယောဂေ စ" ဟူသောသုတ်ဖြင့် 'သဟာဒိယောဂ'အနက်၌ တတိယာ ဧကဝုစ် 'နာ' ဝိဘတ်သက်၊

ဘိက္ခုသံဃ + နာ

"အတော နေန" ဟူသောသုတ်ဖြင့် 'အကာရန္တ'မှ နောက်ဖြစ်သော 'နာ'ဝိဘတ်ကို 'နေ'ပြု၊

ဘိက္ခုသံဃေန

ကားပြီး၏။

(၃) **သဟာေယေနာ** ကို

သဟာယ လိုင်တည်၊

'နှင့်' ဟူ၍ အနက်ပေးသောကြောင့် 'သဟာဒိယောဂ' အနက်ကို အလိုရှိရကား "ပရ သမညာ ပယောဂေ " ဟူသော သုတ် ဖြင့် 'သဟာဒိယောဂ' အမည်မှည့်၊

"သဟာဒိယောဂေ စ" ဟူသောသုတ်ဖြင့် 'သဟာဒိယောဂ' အနက်၌ တတိယာ ဧကဝုစ် 'နာ' ဝိဘတ်သက်၊

သဟာယ + နာ

"အတော နေန" ဟူသောသုတ်ဖြင့် 'အကာရန္တ' မှ နောက်ဖြစ်သော 'နာ' ဝိဘတ်ကို 'ဧန' ပြု၊

သဟာေယေနာ

ကားပြီး၏။

**"သဟာေယေနာ သမံ မိတာ"** ဝယ် မည်သည့်အနက်၌၊ မည်သည့်သုတ်ဖြင့် ၊မည်သည့် ဝိဘတ် သက်ထားသည်ကို သုတ်ထောက်၍ဖြေဆိုခဲ့ပါ။

**"သဟာေယေနာ သမံ မိတာ"**ဝယ် 'သဟာဒိယောဂ' အနက်၌၊ **"သဟာဒိယောဂေ စ"** ဟူသောသုတ်ဖြင့် တတိယာဝိဘတ် သက် ထားပါသည်။

**၂၈၈။ ကတ္တရိ စ ။ (သည်) (သုဒ္ဓကတ္တား)**

| | |
|---|---|
| ကတ္တရိ စ | ကတ္တားအနက်၌လည်း |
| တတိယာ | တတိယာဝိဘတ်သည် |
| ဟောတိ | ဖြစ်၏။ |

**( 'သည်' ဆိုသော စကား အဆုံးသတ်လျှင် 'ကတ္တား' အနက်၌ တတိယာဝိဘတ် သက်ရပါသည်။)**

**"ယော ကရောတိ သ ကတ္တာ" ဟူသောသုတ်ဖြင့် 'ကတ္တား' အမည်မှည့်၊**

**"ကတ္တရိ စ" ဟူသောသုတ်ဖြင့် ကတ္တားအနက်၌ တတိယာဝိဘတ် သက်၊**

**ရညာ ဟတော ပေါသော၊**

| | |
|---|---|
| ရညာ | မင်းသည် |
| ပေါသော | ခိုးသူယောက်ျားကို |

ဟာတော သတ်အပ်ပြီ၊

( 'သည်' ဆိုသော အနက်ကြောင့် မင်းသည် ဟူသော 'ရညာ' သည် 'ကတ္တား' အနက်၌ တတိယာ ဝိဘတ် သက်ရပါသည်။)

(၁) **ရညာ** ကို

ရာဇ လိင်တည် ၊

'သည်' ဟူ၍ အနက်ပေးသောကြောင့် 'ကတ္တား' အနက်ကို အလိုရှိရကား **"ယော ကရောတိ သ ကတ္တာ"** ဟူသော သုတ် ဖြင့် 'ကတ္တား' အမည်မှည့်၊

**"ကတ္တရိ စ"** ဟူသောသုတ်ဖြင့် 'ကတ္တား' အနက်၌ တတိယာ ဧကဝုစ် 'နာ' ဝိဘတ်သက် ၊

ရာဇ + နာ

**"နာမှိ ရညာ ဝါ"** ဟူသောသုတ်ဖြင့် 'နာ' ဝိဘတ်ကြောင့် 'ဝိဘတ်နှင့်တကွဖြစ်သော 'ရာဇ' သဒ္ဒါကို 'ရညာ' ပြု၊

ရညာ

ကားပြီး၏။

**ယက္ခေန ဒိန္နော ဝရော ၊**

| | |
|---|---|
| ယက္ခေန | နတ်သည် |
| ဝရော | ဆုကို |
| ဒိန္နော | ပေးအပ်ပြီ။ |

( 'သည်' ဆိုသော အနက်ကြောင့် နတ်သည် ဟူသော 'ယက္ခေန' သည် 'ကတ္တား' အနက်၌ တတိယာ ဝိဘတ် သက်ရပါသည်။)

(၂) **ယက္ခေန** ကို

ယက္ခ လိင်တည် ၊

'သည်' ဟူ၍ အနက်ပေးသောကြောင့် 'ကတ္တား' အနက်ကို အလိုရှိရကား **"ယော ကရောတိ သ ကတ္တာ"** ဟူသော သုတ် ဖြင့် 'ကတ္တား' အမည်မှည့်၊

**"ကတ္တရိ စ"** ဟူသောသုတ်ဖြင့် 'ကတ္တား' အနက်၌ တတိယာ ဧကဝုစ် 'နာ' ဝိဘတ်သက် ၊

ယက္ခ + နာ

**"အတော နေန"** ဟူသောသုတ်ဖြင့် အကာရန္တသဒ္ဒါမှ နောက်ဖြစ်သော 'နာ' ဝိဘတ်ကို 'ဧန' ပြု၊

ရညာ

ကားပြီး၏။

**အပဟိနာ ဒဠှော နရော ၊**

| | |
|---|---|
| အပဟိနာ | မြွေသည် |
| နရော | လူကို |
| ဒဠှော | ကိုက်အပ်ပြီ။ |

( 'သည်' ဆိုသော အနက်ကြောင့် မြွေသည် ဟူသော 'အပဟိနာ' သည် 'ကတ္တား' အနက်၌ တတိယာ ဝိဘတ် သက်ရပါသည်။)

**(၃) အပဟိနာ** ကို

အပဟိ လိင်တည် ၊

'သည်' ဟူ၍ အနက်ပေးသောကြောင့် 'ကတ္တား' အနက်ကို အလိုရှိရကား **"ယော ကရောတိ သ ကတ္တာ"** ဟူသော သုတ် ဖြင့် 'ကတ္တား' အမည်မှည့်၊

**"ကတ္တရိ စ"** ဟူသောသုတ်ဖြင့် 'ကတ္တား' အနက်၌ တတိယာ ဧကဝုစ် 'နာ' ဝိဘတ်သက် ၊

အပဟိနာ

ကားပြီး၏။

**၂၈၉။ ဟေတွတ္ထေ စ ။**

| | |
|---|---|
| ဟေတွတ္ထေ စ | ဟိတ်အနက်၌ လည်း |
| တတိယာ | တတိယာဝိဘတ်သည် |
| ဟောတိ | ဖြစ်၏။ |

**( 'ကြောင့်' ဆိုသော စကား အဆုံးသတ်လျှင် 'ဟိတ်' အနက်၌ တတိယာဝိဘတ် သက်ရပါသည်။)**

**"ယော ကာရေတိ သ ဟေတု" ဟူသောသုတ်ဖြင့် 'ကတ္တား' အမည်မှည့်၊**

**"ဟေတွတ္ထေ စ" ဟူသောသုတ်ဖြင့် ကတ္တားအနက်၌ တတိယာဝိဘတ် သက် ၊**

ကာရကမှာ ကြောင့်(၃) ကြောင့် ရှိပါသည်။ ၄င်းတို့မှာ .....

(၁) ဟိတ် (ကြောင့်)

(၂) ကာရဏ (ကြောင့်)

(၃) နိမိတ် (ကြောင့်)

| | | | |
|---|---|---|---|
| အန္နေန ဝသတိ ၊ | | ဓမ္မေန ဝသတိ ၊ | |
| အန္နေန | ထမင်းကြောင့်၊ | ဓမ္မေန | တရားကြောင့်၊ |
| ဝသတိ | နေ၏။ | ဝသတိ | နေ၏။ |

| | | | |
|---|---|---|---|
| ဝိဇ္ဇာယ ဝသတိ ၊ | | သက္ကာရေန ဝသတိ ၊ | |
| ဝိဇ္ဇာယ | အတတ်ပညာကြောင့်၊ | သက္ကာရေန | ပူဇော်သက္ကာရကြောင့် |
| ဝသတိ | နေ၏။ | ဝသတိ | နေ၏။ |

( 'ကြောင့်' ဆိုသော အနက်ကြောင့် ထမင်းကြောင့်/ တရားကြောင့်/ အတတ်ပညာကြောင့် / ပူဇော်သက္ကာရကြောင့် ဟူသော 'အန္နေန/ ဓမ္မေန/ ဝိဇ္ဇာယ / သက္ကာရေန' သည် 'ဟိတ်' အနက်၌ တတိယာ ဝိဘတ် သက်ရပါသည်။)

(က) အဂ္ဂိနာ ကုဋ္ဌိံ ဈာပေတိ ၊

(ခ) သဟာပိ ဂင်္ဂေန သံဃော ဥပေါသထ ကရေယျ ၊

(ဂ) ရညာ ဟတော ပေါသော ၊

(ဃ) အန္နေန ဝသတိ၊

ဤပါဠိရုပ်တို့၌ တတိယယာဝိဘတ်သည် မည်သည့်အနက်၌ ၊မည်သည့်သုတ်ဖြင့် သက်ထားပါသနည်း။

(က) အဂ္ဂိနာ ကုဋ္ဌိံ ဈာပေတိ တွင် တတိယာဝိဘတ်သည် 'ကရိဏ်း' အနက်၌ "ကရဏေ တတိယာ" ဟူသော သုတ်ဖြင့် သက်ထားပါသည်။

(ခ) သဟာပိ ဂင်္ဂေန သံဃော ဥပေါသထ ကရေယျ ၊တွင် တတိယာဝိဘတ်သည် 'သဟာဒိယောဂ' အနက်၌ "သဟာဒိယောဂေ စ" ဟူသော သုတ်ဖြင့် သက်ထားပါသည်။

(ဂ) ရညာ ဟတော ပေါသော ၊တွင် တတိယာဝိဘတ်သည် 'ကတ္တား' အနက်၌ "ကတ္တရိ စ" ဟူသော သုတ်ဖြင့် သက်ထားပါသည်။

(ဃ) အန္နေန ဝသတိ၊ တွင် တတိယာဝိဘတ်သည် 'ဟိတ်' အနက်၌ "ဟေတွတ္ထေ စ" ဟူသော သုတ်ဖြင့် သက်ထားပါသည်။

(၁) **အန္နေန** ကို

အန္န လိင်တည် ၊

'ကြောင့်' ဟူ၍ အနက်ပေးသောကြောင့် 'ဟိတ်' အနက်ကို အလိုရှိရကား **"ပရသမညာ ပယောဂေ"** ဟူသော သုတ် ဖြင့် 'ဟိတ်' အမည်မှည့်၊

**"ဟေတွတ္ထေ စ"** ဟူသောသုတ်ဖြင့် 'ဟိတ်' အနက်၌ တတိယာ ဧကဝုစ် 'နာ' ဝိဘတ်သက် ၊

အန္န + နာ

**"အတော နေန"** ဟူသောသုတ်ဖြင့် အကာရန္တသဒ္ဒါမှ နောက်ဖြစ်သော 'နာ' ဝိဘတ်ကို 'ဧန' ပြု၊

အန္နေန

ကားပြီး၏။

(၂) **ဓမ္မေန** ကို

ဓမ္မ လိင်တည် ၊

'ကြောင့်' ဟူ၍ အနက်ပေးသောကြောင့် 'ဟိတ်' အနက်ကို အလိုရှိရကား **"ပရသမညာ ပယောဂေ"** ဟူသော သုတ် ဖြင့် 'ဟိတ်' အမည်မှည့်၊

**"ဟေတွတ္ထေ စ"** ဟူသောသုတ်ဖြင့် 'ဟိတ်' အနက်၌ တတိယာ ဧကဝုစ် 'နာ' ဝိဘတ်သက် ၊

ဓမ္မ+ နာ

**"အတော နေန"** ဟူသောသုတ်ဖြင့် အကာရန္တသဒ္ဒါမှ နောက်ဖြစ်သော 'နာ' ဝိဘတ်ကို 'ဧန' ပြု၊

ဓမ္မေန

ကားပြီး၏။

(၃) **ဝိဇ္ဇာယ** ကို

ဝိဇ္ဇာ လိင်တည် ၊

'ကြောင့်' ဟူ၍ အနက်ပေးသောကြောင့် 'ဟိတ်' အနက်ကို အလိုရှိရကား **"ပရသမညာ ပယောဂေ"** ဟူသော သုတ် ဖြင့် 'ဟိတ်' အမည်မှည့်၊

**"ဟေတွတ္ထေ စ"** ဟူသောသုတ်ဖြင့် 'ဟိတ်' အနက်၌ တတိယာ ဧကဝုစ် 'နာ' ဝိဘတ်သက် ၊

ဝိဇ္ဇာ + နာ

**" အာ ယော"** ဟူသောသုတ်ဖြင့် 'အာ' ကို 'ယ' အမည်မှည့် ၊

ဝိဇ္ဇာ + နာ
↘
(ယ)

**" ယတော နာဒီနံ "** ဟူသောသုတ်ဖြင့် အကာရန္တသဒ္ဒါမှ နောက်ဖြစ်သော 'နာ' ဝိဘတ်ကို 'အာယ' ပြု၊

ဝိဇ္ဇာယ

ကားပြီး၏။

တစ်နည်း။ ။ (ဣတ္ထိလိင်)

**(၃)** **ဝိဇ္ဇာယ** ကို

ဝိဇ္ဇ လိင်တည် ၊

"ဣတ္ထိယမတော အာပစ္စယော" ဟူသောသုတ်ဖြင့် 'အာ' ပစ္စည်းသက်၊

ဝိဇ္ဇာ

'ကြောင့်' ဟူ၍ အနက်ပေးသောကြောင့် 'ဟိတ်' အနက်ကို အလိုရှိရကား **"ပရသမညာ ပယောဂေ"** ဟူသော သုတ် ဖြင့် 'ဟိတ်' အမည်မှည့်၊

**"ဟေတွတ္ထေ စ"** ဟူသောသုတ်ဖြင့် 'ဟိတ်' အနက်၌ တတိယာ ဧကဝုစ် 'နာ' ဝိဘတ်သက် ၊

ဝိဇ္ဇာ + နာ

**" အာ ယော"** ဟူသောသုတ်ဖြင့် 'အာ' ကို 'ယ' အမည်မှည့် ၊

ဝိဇ္ဇာ + နာ
↘
(ယ)

**" ယတော နာဒီနံ "** ဟူသောသုတ်ဖြင့် အကာရန္တသဒ္ဒါမှ နောက်ဖြစ်သော 'နာ' ဝိဘတ်ကို 'အာယ' ပြု၊

ဝိဇ္ဇာယ

ကားပြီး၏။

(၄) **သက္ကာရေန** ကို

သက္ကာရ လိင်တည်၊

'ကြောင့်' ဟူ၍ အနက်ပေးသောကြောင့် 'ဟိတ်' အနက်ကို အလိုရှိရကား **"ပရသမညာ ပယောဂေ"** ဟူသော သုတ် ဖြင့် 'ဟိတ်' အမည်မှည့်၊

**"ဟေတွတ္ထေ စ"** ဟူသောသုတ်ဖြင့် 'ဟိတ်' အနက်၌ တတိယာ ဧကဝုစ် 'နာ' ဝိဘတ်သက်၊

သက္ကာရ + နာ

**"အတော နေန"** ဟူသောသုတ်ဖြင့် အကာရန္တသဒ္ဒါမှ နောက်ဖြစ်သော 'နာ' ဝိဘတ်ကို 'ဧန' ပြု၊

သက္ကာရေန

ကားပြီး၏။

၂၉၀။ **သတ္တမျတ္ထေ စ ။** (၌)

| | |
|---|---|
| သတ္တမျတ္ထေ စ | သတ္တမီ အနက်၌လည်း၊ |
| တတိယာ | တတိယာဝိဘတ်သည် |
| ဟောတိ | ဖြစ်၏။ |

( '၌' ဟူသော သတ္တမီ ဝိဘတ်၌ တတိယာ ဝိဘတ်သက်ရပါသည်)

| | |
|---|---|
| တေန ကာလေန | ထိုအခါ၌ |
| တေန သမယေန | ထိုအခါ၌ |
| ယေန ကာလေန | အကြင်အခါ၌ |
| ယေန သမယေန | အကြင်အခါ၌ |
| တေန ခေါ ပန သမယေန | ထိုအခါ၌ |

(၁) **တေန ကာလေန** ကို

တေန ကာလ လိင်တည်၊

'၌' ဟူ၍ အနက်ပေးသောကြောင့် 'ဩကာသ' အနက်ကို အလိုရှိရကား **"ယောဓာရော တမောကာသံ"** ဟူသော သုတ် ဖြင့် 'ဩကာသ' အမည်မှည့်၊

**“သတ္တမျတ္တေ စ”** ဟူသောသုတ်ဖြင့် ‘ဩကာသ’အနက်၌ တတိယာ ဧကဝုစ် ‘နာ’ ဝိဘတ်သက်၊

တေန ကာလ + နာ

**“အတော နေန”** ဟူသောသုတ်ဖြင့် အကာရန္တသဒ္ဒါမှ နောက်ဖြစ်သော ‘နာ’ဝိဘတ်ကို ‘ဧန’ ပြု၊

တေန ကာလေန

ကားပြီး၏။

(၂) **တေန သမယေန** ကို

တေန သမယ လိင်တည်၊

‘၌’ဟူ၍ အနက်ပေးသောကြောင့် ‘ဩကာသ’အနက်ကို အလိုရှိရကား **“ယောဓာရော တမောကာသံ”** ဟူသော သုတ်ဖြင့် ‘ဩကာသ’ အမည်မှည့်၊

**“သတ္တမျတ္တေ စ”** ဟူသောသုတ်ဖြင့် ‘ဩကာသ’အနက်၌ တတိယာ ဧကဝုစ် ‘နာ’ ဝိဘတ်သက်၊

တေန သမယ + နာ

**“အတော နေန”** ဟူသောသုတ်ဖြင့် အကာရန္တသဒ္ဒါမှ နောက်ဖြစ်သော ‘နာ’ဝိဘတ်ကို ‘ဧန’ ပြု၊

တေန သမယေန

ကားပြီး၏။

(၃) **ယေန ကာလေန** ကို

ယေန ကာလ လိင်တည်၊

‘၌’ဟူ၍ အနက်ပေးသောကြောင့် ‘ဩကာသ’အနက်ကို အလိုရှိရကား **“ယောဓာရော တမောကာသံ”** ဟူသော သုတ်ဖြင့် ‘ဩကာသ’ အမည်မှည့်၊

**“သတ္တမျတ္တေ စ”** ဟူသောသုတ်ဖြင့် ‘ဩကာသ’အနက်၌ တတိယာ ဧကဝုစ် ‘နာ’ ဝိဘတ်သက်၊

ယေန ကာလ + နာ

**“အတော နေန”** ဟူသောသုတ်ဖြင့် အကာရန္တသဒ္ဒါမှ နောက်ဖြစ်သော ‘နာ’ဝိဘတ်ကို ‘ဧန’ ပြု၊

ယေန ကာလေန

ကားပြီး၏။

(၄) **ယေန သမယေန** ကို

ယေန သမယ လိင်တည်၊

'၌' ဟူ၍ အနက်ပေးသောကြောင့် 'ဩကာသ' အနက်ကို အလိုရှိရကား **"ယောဓာရော တမောကာသံ"** ဟူသော သုတ်ဖြင့် 'ဩကာသ' အမည်မှည့်၊

**"သတ္တမျတ္ထေ စ"** ဟူသောသုတ်ဖြင့် 'ဩကာသ' အနက်၌ တတိယာ ဧကဝုစ် 'နာ' ဝိဘတ်သက်၊

ယေန သမယ + နာ

**"အတော နေန"** ဟူသောသုတ်ဖြင့် အကာရန္တသဒ္ဒါမှ နောက်ဖြစ်သော 'နာ' ဝိဘတ်ကို 'နေ' ပြု၊

ယေန သမယေန

ကားပြီး၏။

(၅) **တေန ခေါ ပန သမယေန** ကို

တေန ခေါ ပန သမယ လိင်တည်၊

'၌' ဟူ၍ အနက်ပေးသောကြောင့် 'ဩကာသ' အနက်ကို အလိုရှိရကား **"ယောဓာရော တမောကာသံ"** ဟူသော သုတ်ဖြင့် 'ဩကာသ' အမည်မှည့်၊

**"သတ္တမျတ္ထေ စ"** ဟူသောသုတ်ဖြင့် 'ဩကာသ' အနက်၌ တတိယာ ဧကဝုစ် 'နာ' ဝိဘတ်သက်၊

တေန ခေါ ပန သမယ + နာ

**"အတော နေန"** ဟူသောသုတ်ဖြင့် အကာရန္တသဒ္ဒါမှ နောက်ဖြစ်သော 'နာ' ဝိဘတ်ကို 'နေ' ပြု၊

တေန ခေါ ပန သမယေန

ကားပြီး၏။

**၂၉၁။ ယေနင်္ဂဝိကာရော ။** **(ဖြင့်)**

| | |
|---|---|
| ယေန | အကြင်အစိတ်အားဖြင့်(ဝါ ) အကြင်အစိတ်ကြောင့် |
| အင်္ဂဝိကာရော | အပေါင်း၏ ဖောက်ပြန်ခြင်းကို |
| လက္ခီယတေ | မှတ်အပ်၏။ |
| တတ္ထ | ထိုအစိတ်၌ |
| တတိယာ | တတိယာဝိဘတ်သည် |

ပဟာတိ ဖြစ်၏။

( **"ယေနင်္ဂဝိကာရော"** သုတ်သည် 'အင်္ဂ' အနက်၌ တတိယာဝိဘတ်သက်သောသုတ်ဖြစ်ပါသည်။)

**အက္ခိနာ ကာဏော ၊** **ဟတ္ထေန ကုဏီ ၊**

| | | | |
|---|---|---|---|
| အက္ခိနာ | မျက်စိဖြင့် | ဟတ္ထေန | လက်ဖြင့် |
| ကာဏော | ကန်းသောသူ | ကုဏီ | ကောက်သောသူ |

**ကာဏံ ပဿတိ နေတ္တေန ၊**

| | |
|---|---|
| နေတ္တေန | မျက်စိဖြင့် |
| ကာဏံ | ကန်းသောသူကို |
| ပဿတိ | မြင်၏။ |

**ပါဒေန ခဉ္ဇော ၊** **ပိဋ္ဌိယာ ခုဇ္ဇော ၊**

| | | | |
|---|---|---|---|
| ပါဒေန | ခြေဖြင့် | ပိဋ္ဌိယာ | ကျောက်ကုန်းဖြင့် |
| ခဉ္ဇော | ခွင်သသူ | ခုဇ္ဇော | ကုန်းသသူ |

( လူတစ်ယောက်က လက်တွေကောင်းသည် ၊ မျက်လုံးတွေကောင်းသည် ၊အကုန်ကောင်းသည်။ ခြေထောက် တစ်ဖက် မကောင်း ဘဲ ဖြစ်နေရင်'ခြေကျိုး ဟုခေါ်သည်။ခြေကျိုးဟုခေါ်လျှင် ကျိုးသော ခြေထောက်ကလေး တစ်ခုဘဲ လာရတာ မဟုတ် ၊ အကုန်လုံးလာရသည်။အဲဒီလိုဘဲ အစိတ်ဖောက်ပြန်သွားတဲ့အတွက်ကြောင့် အပေါင်း ဖောက်ပြန်ခြင်းကို မှတ်အပ်၏။ဖောက်ပြန်သွားတဲ့နေရာမှာ တတိယာဝိဘတ်သက်)

(၁) **အက္ခိနာ** ကို

အက္ခိ လိင်တည် ၊

'ဖြင့်'ဟူ၍ အနက်ပေးသောကြောင့် 'အင်္ဂဝိဟာရ'အနက်ကို အလိုရှိရကား **"ပရသမညာ ပယောဂေ"** ဟူသော သုတ်ဖြင့် 'အင်္ဂဝိကာရလက္ခဏ' အမည်မှည့်၊

**"ယေနင်္ဂဝိကာရော"** ဟူသောသုတ်ဖြင့် 'အင်္ဂဝိဟာရ'အနက်၌ တတိယာ ဧကဝုစ် 'နာ' ဝိဘတ်သက် ၊

အက္ခိနာ

ကားပြီး၏။

(၂) **ဟတ္ထေန** ကို

ဟတ္ထ လိင်တည်၊

'ဖြင့်'ဟူ၍ အနက်ပေးသောကြောင့် 'အင်္ဂဝိဟာရ'အနက်ကို အလိုရှိရကား **"ပရသမညာ ပယောဂေ"** ဟူသော သုတ်ဖြင့် 'အင်္ဂဝိကာရလက္ခဏ' အမည်မှည့်၊

**"ယေနင်္ဂဝိကာရော"** ဟူသောသုတ်ဖြင့် 'အင်္ဂဝိဟာရ'အနက်၌ တတိယာ ဧကဝုစ် 'နာ' ဝိဘတ်သက်၊

ဟတ္ထ + နာ

**"အတော နေန"** ဟူသောသုတ်ဖြင့် အကာရန္တသဒ္ဒါမှ နောက်ဖြစ်သော 'နာ'ဝိဘတ်ကို 'ဧန' ပြု၊

ဟတ္ထေန

ကားပြီး၏။

(၃) **နေတ္တေန** ကို

နေတ္တ လိင်တည်၊

'ဖြင့်'ဟူ၍ အနက်ပေးသောကြောင့် 'အင်္ဂဝိဟာရ'အနက်ကို အလိုရှိရကား **"ပရသမညာ ပယောဂေ"** ဟူသော သုတ်ဖြင့် 'အင်္ဂဝိကာရလက္ခဏ' အမည်မှည့်၊

**"ယေနင်္ဂဝိကာရော"** ဟူသောသုတ်ဖြင့် 'အင်္ဂဝိဟာရ'အနက်၌ တတိယာ ဧကဝုစ် 'နာ' ဝိဘတ်သက်၊

နေတ္တ + နာ

**"အတော နေန"** ဟူသောသုတ်ဖြင့် အကာရန္တသဒ္ဒါမှ နောက်ဖြစ်သော 'နာ'ဝိဘတ်ကို 'ဧန' ပြု၊

နေတ္တေန

ကားပြီး၏။

| | | |
|---|---|---|
| စက္ခုနာ ရူပံ ပဿတိ၊ | မျက်စိဖြင့် အဆင်းကို မြင်၏။ | (ကရိဏ်းအနက်) |
| ကာဏံ ပဿတိ နေတ္တေန၊ | မျက်စိဖြင့်ကန်းသောသူကိုမြင်၏။ | (အင်္ဂဝိကာရအနက်) |

(၄) **ပါဒေန** ကို

ပါ ဒ လိင်တည်၊

'ဖြင့်'ဟူ၍ အနက်ပေးသောကြောင့် 'အင်္ဂဝိဟာရ'အနက်ကို အလိုရှိရကား **"ပရသမညာ ပယောဂေ"** ဟူသော သုတ်ဖြင့် 'အင်္ဂဝိကာရလက္ခဏ' အမည်မှည့်၊

**"ယေနင်္ဂိကာရော"** ဟူသောသုတ်ဖြင့် 'အင်္ဂိဟာရ'အနက်၌ တတိယာ ဧကဝုစ် 'နာ' ဝိဘတ်သက်၊

ပါ ဒ+ နာ

**"အတော နေန"** ဟူသောသုတ်ဖြင့် အကာရန္တသဒ္ဒါမှ နောက်ဖြစ်သော 'နာ'ဝိဘတ်ကို 'နေ' ပြု၊

ပါဒေန

ကားပြီး၏။

(၅) **ပိဋ္ဌိယာ** ကို

ပိဋ္ဌိယ လိင်တည်၊

'ဖြင့်'ဟူ၍ အနက်ပေးသောကြောင့် 'အင်္ဂိဟာရ'အနက်ကို အလိုရှိရကား **"ပရသမညာ ပယောဂေ"** ဟူသော သုတ်ဖြင့် 'အင်္ဂိကာရလက္ခဏ' အမည်မှည့်၊

**"ယေနင်္ဂိကာရော"** ဟူသောသုတ်ဖြင့် 'အင်္ဂိဟာရ'အနက်၌ တတိယာ ဧကဝုစ် 'နာ' ဝိဘတ်သက်၊

ပိဋ္ဌိယ + နာ

**"နာ အာ"** ဟူသောသုတ်ဖြင့် အကာရန္တသဒ္ဒါမှ နောက်ဖြစ်သော 'နာ'ဝိဘတ်ကို 'အာ' ပြု၊

ပိဋ္ဌိယာ

ကားပြီး၏။

၂၉၂။ **ဝိသေသနေ စ ။** **(အားဖြင့်၊ သဖြင့်၊ ပေးလတ်)** **( ကြိယာဝိသေသန )**

| | |
|---|---|
| ဝိသေသနေ စ | ဝိသေသန အနက်၌လည်း |
| တတိယာ | တတိယာဝိဘတ်သည် |
| ဟောတိ | ဖြစ်၏။ |

**ဂေါတ္တေန ဂေါတမော နာထော၊** **(အနွယ်)**

| | |
|---|---|
| နာထော | မြတ်စွာဘုရားသည် |
| ဂေါတ္တေန | အနွယ်တော်အားဖြင့် |
| ဂေါတမော | ဂေါတမအနွယ်တည်း။ |

**သုဝဏ္ဏေန အဘိရူပေါ၊** **(ဂုဏ်)**

သုဝဏ္ဏေန ဝါရွှေသော အဆင်းအားဖြင့်

အဘိရူပေါ လွန်သော အဆင်းရှိ၏။

**တပသာ ဥတ္တမော၊** **(ဂုဏ်)**

တပသာ အကျင့်အားဖြင့်

ဥတ္တမော မြတ်၏။

(၁) **ဂေါတ္တေန** ကို

ဂေါတ္တ လိင်တည်၊

'အားဖြင့်'ဟူ၍ အနက်ပေးသောကြောင့် 'ဝိသေသန'အနက်ကို အလိုရှိရကား **"ပရသမညာ ပယောဂေ"** ဟူသော သုတ် ဖြင့် 'ဝိသေသန' အမည်မှည့်၊

**"ဝိသေသနေ စ"** ဟူသောသုတ်ဖြင့် 'ဝိသေသန'အနက်၌ တတိယာ ဧကဝုစ် 'နာ' ဝိဘတ်သက်၊

ဂေါတ္တ + နာ

**"အတော နေန"** ဟူသောသုတ်ဖြင့် အကာရန္တသဒ္ဒါမှ နောက်ဖြစ်သော 'နာ'ဝိဘတ်ကို 'ဧန' ပြု၊

ဂေါတ္တ

ကားပြီး၏။

(၂) **သုဝဏ္ဏေန** ကို

သုဝဏ္ဏ လိင်တည်၊

'အားဖြင့်'ဟူ၍ အနက်ပေးသောကြောင့် 'ဝိသေသန'အနက်ကို အလိုရှိရကား **"ပရသမညာ ပယောဂေ"** ဟူသော သုတ် ဖြင့် 'ဝိသေသန' အမည်မှည့်၊

**"ဝိသေသနေ စ"** ဟူသောသုတ်ဖြင့် 'ဝိသေသန'အနက်၌ တတိယာ ဧကဝုစ် 'နာ' ဝိဘတ်သက်၊

သုဝဏ္ဏ + နာ

**"အတော နေန"** ဟူသောသုတ်ဖြင့် အကာရန္တသဒ္ဒါမှ နောက်ဖြစ်သော 'နာ'ဝိဘတ်ကို 'ဧန' ပြု၊

သုဝဏ္ဏေန ကားပြီး၏။

(၃)	**တပသာ**	ကို

တပသ လိင်တည်၊

'အားဖြင့်'ဟူ၍ အနက်ပေးသောကြောင့် 'ဝိသေသန'အနက်ကို အလိုရှိရကား **"ပရသမညာ ပယောဂေ"** ဟူသော သုတ် ဖြင့် 'ဝိသေသန' အမည်မှည့်၊

**"ဝိသေသနေ စ"** ဟူသောသုတ်ဖြင့် 'ဝိသေသန'အနက်၌ တတိယာ ဧကဝုစ် 'နာ' ဝိဘတ်သက်၊

တပသ + နာ

**"နာ အာ"** ဟူသောသုတ်ဖြင့် အကာရန္တသဒ္ဒါမှ နောက်ဖြစ်သော 'နာ'ဝိဘတ်ကို 'အာ' ပြု၊

တပသာ

ကားပြီး၏။

<u>**ဝိသေသန(၆) မျိုး**</u>

အနွယ်၊ နာမ်၊ ဇာတ်၊ အတတ်၊ အရွယ်၊

ဂုဏ် (၆) သွယ်၊ မှတ်ဖွယ် ဝိသေသန။

အားဖြင့်၊သဖြင့်၊ ပေးလတ်

ကြိယာဝိသေသန၊

<u>**တတိယာဝိဘတ်သက်သောသုတ်များ**</u>

| | | |
|---|---|---|
| **၂၈၆။ ကရဏေ တတိယာ** | **(ဖြင့်)** | **(** ကရိုဏ်းအနက်၌ တတိယာဝိဘတ်သက် **)** |
| **၂၈၇။ သဟာဒိယောဂေ စ၊** | **(နှင့်)** | **(** သဟာဒိယောဂအနက်၌ တတိယာဝိဘတ်သက် ) |
| **၂၈၈။ ကတ္တရိ စ၊** | **(သည်)** | ( ကတ္တားအနက်၌ တတိယာဝိဘတ်သက် ) |
| **၂၈၉။ ဟေတွတ္ထေ စ၊** | **(ကြောင့်)** | ( ဟိတ်အနက်၌ တတိယာဝိဘတ်သက် ) |
| **၂၉၀။ သတ္တမျတ္ထေ စ၊** | **(၌)** | ( သတ္တမီအနက်၌ တတိယာဝိဘတ်သက် ) |
| **၂၉၁။ ယေနင်္ဂဝိကာရော၊** | **(ဖြင့်)** | ( အင်္ဂဝိဟာရ အနက်၌ တတိယာဝိဘတ်သက် ) |
| **၂၉၂။ ဝိသေသနေ စ၊** | **(အားဖြင့်၊သဖြင့်)** | ( ဝိသေသနအနက်၌ တတိယာဝိဘတ်သက် ) |

( ၂၄.၇.၂၀၁၉ ) ဗုဒ္ဓဟူး

**၂၉၃။ သမ္ပဒါနေ စတုတ္ထီ ။**

| | |
|---|---|
| သမ္ပဒါနေ | သမ္ပဒါန ကာရကၼ |
| စတုတ္ထီ | စတုတ္ထီဝိဘတ်သည် |
| ဟောတိ | ဖြစ်၏။ |

**သမ္ပဒါန် အမည်မှည့်သောသုတ်များ**

(၁) ယဿ ဒါတုကာမော ရောစတေ ဓာရယတေ ဝါ တံ သမ္ပဒါနံ ။

(၂) သိလာဃ သုတ်

**ဗုဒ္ဓဿ ဝါ ဓမ္မဿ ဝါ သံဃဿ ဝါ ဒါနံ ဒေတိ ၊**

| | | |
|---|---|---|
| ဗုဒ္ဓဿ ဝါ | ဘုရားအား၄င်း၊ | ( 'အား' သမ္ပဒါန်) |
| ဓမ္မဿ ဝါ | တရားအား၄င်း၊ | |
| သံဃဿ ဝါ | သံဃာအား၄င်း၊ | |
| ဒါနံ | အလှူကို | |
| ဒေတိ | ပေးလှူ၏။ | |

**ဒါတာ ဟောတိ သမဏဿ ဝါ ဗြာဟ္မဏဿ ဝါ ။**

| | | |
|---|---|---|
| သမဏဿ ဝါ | ရဟန်းအား၄င်း | ( 'အား' သမ္ပဒါန်) |
| ဗြာဟ္မဏဿ ဝါ | ပုဏ္ဏားအား၄င်း | ( 'အား' သမ္ပဒါန်) |
| ဒါတာ | ပေးလှူသည် | |
| ဟောတိ | ဖြစ်၏။ | |

(၁) ဗုဒ္ဓဿ ကို

ဗုဒ္ဓ လိင်တည်၊

'အား' ဟူ၍ အနက်ပေးသောကြောင့် 'သမ္ပဒါန်' အနက်ကို အလိုရှိရကား "ယဿ ဒါတုကာမော ရောစတေ ဓာရယတေ ဝါ တံ သမ္ပဒါနံ" ဟူသော သုတ် ဖြင့် 'သမ္ပဒါန်' အမည်မှည့်၊

**"သမ္ပဒါနေ စတုတ္ထီ"** ဟူသောသုတ်ဖြင့် 'သမ္ပဒါန်' အနက်၌ စတုတ္ထီ ဧကဝုစ် 'သ' ဝိဘတ်သက်၊

ဗုဒ္ဓ + သ

**"သာဂမောသေ"** ဟူသောသုတ်ဖြင့် 'သ' ဝိဘတ်ကြောင့် 'သ' လာ၊

ဗုဒ္ဓဿ

ကားပြီး၏။

(၂) ဓမ္မဿ ကို

ဓမ္မ လိင်တည်၊

'အား' ဟူ၍ အနက်ပေးသောကြောင့် 'သမ္ပဒါန်' အနက်ကို အလိုရှိရကား "ယဿ ဒါတုကာမော ရောစတေ ဓာရယတေ ဝါ တံ သမ္ပဒါနံ" ဟူသော သုတ် ဖြင့် 'သမ္ပဒါန်' အမည်မှည့်၊

**"သမ္ပဒါနေ စတုတ္ထီ"** ဟူသောသုတ်ဖြင့် 'သမ္ပဒါန်' အနက်၌ စတုတ္ထီ ဧကဝုစ် 'သ' ဝိဘတ်သက်၊

ဓမ္မ + သ

**"သာဂမောသေ"** ဟူသောသုတ်ဖြင့် 'သ' ဝိဘတ်ကြောင့် 'သ' လာ၊

ဓမ္မဿ

ကားပြီး၏။

(၃) သံဃဿ ကို

သံဃ လိင်တည်၊

'အား' ဟူ၍ အနက်ပေးသောကြောင့် 'သမ္ပဒါန်' အနက်ကို အလိုရှိရကား "ယဿ ဒါတုကာမော ရောစတေ ဓာရယတေ ဝါ တံ သမ္ပဒါနံ" ဟူသော သုတ် ဖြင့် 'သမ္ပဒါန်' အမည်မှည့်၊

**"သမ္ပဒါနေ စတုတ္ထီ"** ဟူသောသုတ်ဖြင့် 'သမ္ပဒါန်' အနက်၌ စတုတ္ထီ ဧကဝုစ် 'သ' ဝိဘတ်သက်၊

သံဃ + သ

**"သာဂမောသေ"** ဟူသောသုတ်ဖြင့် 'သ' ဝိဘတ်ကြောင့် 'သ' လာ၊

သံဃဿ

ကားပြီး၏။

(၄) သာမဏာဿ ကို

သာမဏာ လိင်တည်၊

'အား' ဟူ၍ အနက်ပေးသောကြောင့် 'သမ္ပဒါန်' အနက်ကို အလိုရှိရကား "ယဿ ဒါတုကာမော ရောစတေ ဓာရယတေ ဝါ တံ သမ္ပဒါနံ" ဟူသော သုတ် ဖြင့် 'သမ္ပဒါန်' အမည်မှည့်၊

**"သမ္ပဒါနေ စတုတ္ထီ"** ဟူသောသုတ်ဖြင့် 'သမ္ပဒါန်' အနက်၌ စတုတ္ထီ ဧကဝုစ် 'သ' ဝိဘတ်သက် ၊

သာမဏာ + သ

**"သာဂမောသေ"** ဟူသောသုတ်ဖြင့် 'သ' ဝိဘတ်ကြောင့် 'သ' လာ၊

သာမဏာဿ

ကားပြီး၏။

(၅) ဗြဟ္မဏာဿ ကို

ဗြဟ္မဏာ လိင်တည်၊

'အား' ဟူ၍ အနက်ပေးသောကြောင့် 'သမ္ပဒါန်' အနက်ကို အလိုရှိရကား "ယဿ ဒါတုကာမော ရောစတေ ဓာရယတေ ဝါ တံ သမ္ပဒါနံ" ဟူသော သုတ် ဖြင့် 'သမ္ပဒါန်' အမည်မှည့်၊

**"သမ္ပဒါနေ စတုတ္ထီ"** ဟူသောသုတ်ဖြင့် 'သမ္ပဒါန်' အနက်၌ စတုတ္ထီ ဧကဝုစ် 'သ' ဝိဘတ်သက် ၊

ဗြဟ္မဏာ + သ

**"သာဂမောသေ"** ဟူသောသုတ်ဖြင့် 'သ' ဝိဘတ်ကြောင့် 'သ' လာ၊

ဗြဟ္မဏာဿ

ကားပြီး၏။

**၂၉၄။ နမောယောဂါဒီသွပိ စ ။**

| | |
|---|---|
| နမောယောဂါဒီသွပိ စ | 'နမော' သဒ္ဒါနှင့်ယှဉ်ရာ စသည်တို့၌လည်း |
| စတုတ္ထီဝိဘတ္တိ | စတုတ္ထီဝိဘတ် |
| ဟောတိ | ဖြစ်၏။ |

( **"နမောယောဂါဒီသွပိ စ"** ဟူသောသုတ်သည် 'နမောသဒ္ဒါ' နှင့်ယှဉ်နေသောကြောင့် စတုတ္ထီဝိဘတ်သက် သောသုတ် ဖြစ်ပါသည်။)

**နမော တေ ဗုဒ္ဓ ဝီရတ္ထု ၊**

| | | |
|---|---|---|
| ဝီရ | ကြီးသောလုံ့လရှိတော်မူသော | |
| ဗုဒ္ဓ | ရှင်ပင်ဘုရား | |
| တေ | အရှင်ဘုရားအား | (သမ္ပဒါန်ပုဒ်) |
| နမော | ဦးညွတ်ရှိခိုးခြင်းသည် (ဝါ ) ဦးညွတ်ရှိခိုးခြင်းကို | |
| အတ္ထု | ဖြစ်ပါ၏ ( ဝါ ) ပြုပါ၏ | |

(**"နမော တေ ဗုဒ္ဓ ဝီရတ္ထု"** ၌ 'တေ' သည် 'နမော' သဒ္ဒါနှင့်ယှဉ်သောကြောင့် **"နမောယောဂါဒီသွပိ စ"** ဟူသော သုတ်ဖြင့်စတုတ္ထီဝိဘတ်သက်ထားပါသည်။)

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

| | | |
|---|---|---|
| အရဟတော | အရဟံဂုဏ်နှင့်ပြည့်စုံတော်မူသော | |
| သမ္မာသမ္ဗုဒ္ဓဿ | မဖောက်မပြန်အလုံးစုံသော တရားတော်တို့ကို သိတော်မူတတ်ထသော | |
| တဿ ဘဂဝတော | ထိုမြတ်စွာဘုရားအား | (သမ္ပဒါန်အနက်) |
| နမော | ရှိခိုးပါ၏။ | |

('နမော' သဒ္ဒါနှင့် ယှဉ်သောကြောင့် 'တဿ ဘဂဝတော' ကို သမ္ပဒါန်အနက်သက်ထားပါသည်။)

**"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"**၌ မည်သည့်အနက်ဝယ် မည်သည့်ဝိဘတ်သက်ထားသည်ကို အကြောင်းပြ၍ ဖြေဆိုပါ။

**"နမောယောဂါဒီသွပိ စ" ဟူသော**သုတ်ဖြင့် 'နမောသဒ္ဒါ' ဖြင့်ယှဉ်သောကြောင့် **'တဿ ဘဂဝတော'** သမ္ပဒါန်အနက်၌ စတုတ္ထီဝိဘတ်သက်ထားပါသည်။

အာစရိယတ္တ နမာမိ ။

( 'နမောသဒ္ဒါ' နှင့်ယှဉ်သောကြောင့် 'သမ္ပဒါန်' အနက်သက်ထားပါသည်။)

**နမောယောဂါဒီသွပိ စ** ကို (နမော + ယောဂအာဒီသုအပိ စ) ပုဒ်ဖြတ် ၊

**နမောယောဂါဒီသွပိ စ သုတ်၌ ' သောတ္ထိ ၊ သွာဂတ ' တို့ကိုယူရပါမည်။**

**သောတ္ထိ ပဇာနံ ၊**

| | | |
|---|---|---|
| ပဇာနံ | သတ္တဝါတို့အား | (သမ္ပဒါန်အနက်) |
| သောတ္ထိ | ငြိမ်းချမ်းအေးမြခြင်းသည် | |
| ဟောတု | ဖြစ်ပါစေ။ | |

**နမော ကရောတိ နာဂဿ ၊**

| | | |
|---|---|---|
| နာဂဿ | နဂါးအား (ဝါ ) ရဟန္တာအား / နဂါးကို (ဝါ ) ရဟန္တာကို | (သမ္ပဒါန်အနက်) |
| နမော | ဦးညွှတ်ရှိခိုးခြင်းကို | |
| ကရောတိ | ပြုလော့၊ | |

**သွာဂတံ တေ မဟာရာဇ ။**

| | | |
|---|---|---|
| မဟာရာဇ | မင်းမြတ် | |
| တေ | အရှင်မင်းမြတ်အား | (သမ္ပဒါန်အနက်) |
| သွာဂတံ | ကောင်းသော ရောက်လာခြင်း ဖြစ်ပါ၏။ | |

(၁) နာဂဿ ကို

နာဂ လိုင်တည်၊

'အား' ဟူ၍ အနက်ပေးသောကြောင့် 'သမ္ပဒါန်' အနက်ကို အလိုရှိရကား **"နမောယောဂါဒီသွပိ စ"** ဟူသော သုတ် ဖြင့် 'သမ္ပဒါန်' အမည်မှည့်၊

**"သမ္ပဒါနေ စတုတ္ထီ"** ဟူသောသုတ်ဖြင့် 'သမ္ပဒါန်' အနက်၌ စတုတ္ထီ ဧကဝုစ် 'သ' ဝိဘတ်သက် ၊

နာဂ + သ

**"သာဂမောသေ"** ဟူသောသုတ်ဖြင့် 'သ' ဝိဘတ်ကြောင့် 'သ' လာ၊

နာဂဿ

ကားပြီး၏။

(၂)　တေ　　ကို

　　တုမှ　လိင်တည်၊

'အား' ဟူ၍ အနက်ပေးသောကြောင့် 'သမ္ပဒါန်' အနက်ကို အလိုရှိရကား **"နမောယောဂါဒီသွပိ စ"** ဟူသော သုတ် ဖြင့် 'သမ္ပဒါန်' အမည်မှည့်၊

**"သမ္ပဒါနေ စတုတ္ထီ"** ဟူသောသုတ်ဖြင့် 'သမ္ပဒါန်' အနက်၌ စတုတ္ထီ ဧကဝုစ် 'သ' ဝိဘတ်သက်၊

တုမှ ＋ သ

**"တေမေကဝစနေသု စ"** ဟူသောသုတ်ဖြင့် 'သ' ဝိဘတ်ကို ဝိဘတ်နှင့်တစ်ကွ 'တေ' ပြု၊

တေ

ကားပြီး၏။

**၂၉၅။ အပါဒါနေ ပဉ္စမီ ။**

| | |
|---|---|
| အပါဒါနေ | အပါ ဒါ န ကာရကၡ |
| ပဉ္စမီ | ပဉ္စမီဝိဘတ်သည် |
| ဟောတိ | ဖြစ်၏။ |

**ပါ ပါ စိတ္တံ နိဝါရယေ ၊**

| | | |
|---|---|---|
| ပါ ပါ | မကောင်းမှုမှ | (အပါဒါန်အနက်) |
| စိတ္တံ | စိတ်ကို | |
| နိဝါရယေ | တားမြစ်ရာ၏။ | |

**အဗ္ဘာ မုတ္တောဝ စန္ဒိမာ ၊**

| | | |
|---|---|---|
| အဗ္ဘာ | တိမ်တိုက်မှ | (အပါဒါန်အနက်) |
| မုတ္တော | လွတ်သော | |
| စန္ဒိမာ ဣဝ | လမင်းကဲ့သို့ ၊ | |

**ဘယာ မုစ္စတိ သော နရော ။**

| | | |
|---|---|---|
| သော နရော | ထိုသူသည် | |
| ဘယာ | ဘေးမှ | (အပါဒါန်အနက်) |
| မုစ္စတိ | လွတ်၏။ | |

(၁) ပါ ပါ ကို

ပါ ပ လိင်တည်၊

'မှ' ဟူ၍ အနက်ပေးသောကြောင့် 'အပါဒါန်' အနက်ကို အလိုရှိရကား "ယသ္မာ ဒပေတိ ဘယမာဒတ္တေ ဝါ တဒပါဒါနံ" ဟူသော သုတ် ဖြင့် 'အပါဒါန်' အမည်မှည့်၊

**"အပါဒါနေ ပဉ္စမီ"** ဟူသောသုတ်ဖြင့် 'အပါ ဒါန်' အနက်၌ ပဉ္စမီ ဧကဝုစ် 'သ္မာ' ဝိဘတ်သက် ၊

ပါ ပ + သ္မာ

**"သ္မာ သ္မိံ နံ ဝါ "** ဟူသောသုတ်ဖြင့် 'သ္မာ' ဝိဘတ်ကို 'အာ' ပြု၊

ပါ ပါ

ကားပြီး၏။

(၂) အဗ္ဘာ ကို

အဗ္ဘ လိင်တည်၊

'မှ' ဟူ၍ အနက်ပေးသောကြောင့် 'အပါဒါန်' အနက်ကို အလိုရှိရကား "ယသ္မာ ဒပေတိ ဘယမာဒတ္တေ ဝါ တဒပါဒါနံ" ဟူသော သုတ် ဖြင့် 'အပါဒါန်' အမည်မှည့်၊

**"အပါဒါနေ ပဉ္စမီ"** ဟူသောသုတ်ဖြင့် 'အပါဒါန်' အနက်၌ ပဉ္စမီ ဧကဝုစ် 'သ္မာ' ဝိဘတ်သက် ၊

အဗ္ဘ + သ္မာ

**"သ္မာ သ္မိံ နံ ဝါ "** ဟူသောသုတ်ဖြင့် 'သ္မာ' ဝိဘတ်ကို 'အာ' ပြု၊

အဗ္ဘာ

ကားပြီး၏။

(၃) ဘယာ ကို

ဘယ လိင်တည်၊

'မှ' ဟူ၍ အနက်ပေးသောကြောင့် 'အပါဒါန်' အနက်ကို အလိုရှိရကား "ယသ္မာ ဒပေတိ ဘယမာဒတ္တေ ဝါ တဒပါဒါနံ" ဟူသော သုတ် ဖြင့် 'အပါဒါန်' အမည်မှည့်၊

**"အပါဒါနေ ပဉ္စမီ"** ဟူသောသုတ်ဖြင့် 'အပါဒါန်' အနက်၌ ပဉ္စမီ ဧကဝုစ် 'သ္မာ' ဝိဘတ်သက်၊

ဘယ + သ္မာ

**"သ္မာ သ္မိံ နံ ဝါ"** ဟူသောသုတ်ဖြင့် 'သ္မာ' ဝိဘတ်ကို 'အာ' ပြု၊

ဘယာ

ကားပြီး၏။

**၂၉၆။ ကာရဏတ္တေ စ ။**

| | |
|---|---|
| ကာရဏတ္တေ စ | ကာရကအနက်၌လည်း၊ |
| ပဉ္စမီ | ပဉ္စမီဝိဘတ်သည် |
| ဟောတိ | ဖြစ်၏။ |

**အနနုဗောဓာ အပ္ပဋိဝေဓာ စတုန္နံ အရိယသစ္စာနံ ယထာဘူတံ အဒဿနာ ။**

| | |
|---|---|
| စတုန္နံ | လေးပါးကုန်သော |
| အရိယသစ္စာနံ | အရိယသစ္စာတို့ကို |
| အနနုဗောဓာ | လောကီဉာဏ်ဖြင့် လျော်စွာ မသိခြင်းကြောင့် |
| အပ္ပဋိဝေဓာ | မဂ်ဉာဏ်ဖြင့် မဖောက်ထွင်းနိုင်ခြင်းကြောင့် |
| ယထာဘူတံ | ဟုတ်တိုင်းမှန်စွာ |
| အဒဿနာ | မမြင်ခြင်းကြောင့်၊ |

(၁) အနနုဗောဓာ ကို

အနနုဗောဓ လိင်တည်၊

'ကြောင့်' ဟူ၍ အနက်ပေးသောကြောင့် 'ကရိဏ်း' အနက်ကို အလိုရှိရကား "ယေန ဝါ ကယိရတေ တံ ကရဏံ"

ဟူသော သုတ် ဖြင့် 'ကရိဏ်း' အမည်မှည့်၊

**"ကာရဏာတ္တေ စ"** ဟူသောသုတ်ဖြင့် 'ကရိဏ်း'အနက်၌ ပဥ္စမီ ဧကဝုစ် 'သ္မာ' ဝိဘတ်သက်၊

အနနုဗောဓ + သ္မာ

**"သ္မာ သ္မိံ နာ ဝါ"** ဟူသောသုတ်ဖြင့် 'သ္မာ'ဝိဘတ်ကို 'အာ'ပြု၊

အနနုဗောဓာ

ကားပြီး၏။

**၂၉၆။ ကမ္မတ္တေ ဒုတိယာ ။**

| | |
|---|---|
| ကမ္မတ္တေ | ကံအနက်၌ |
| ဒုတိယာ | ဒုတိယာဝိဘတ်သည် |
| ဟောတိ | ဖြစ်၏။ |

**ဂါဝံ ဟနတိ ။**

| | |
|---|---|
| ဂါဝံ | နွားကို |
| ဟနတိ | သတ်၏။ |

**ဝီဟယော လုနာတိ ။**

| | |
|---|---|
| ဝီဟယော | ကောက်စပါးတို့ကို |
| လုနာတိ | ရိတ်ဖြတ်၏။ |

**သတ္တံ့ ကရောတိ၊**

| | |
|---|---|
| သတ္တံ့ | ဓားကို |
| ကရောတိ | ပြု၏။ |

**ဃဋံ့ ကရောတိ ၊**

| | |
|---|---|
| ဃဋံ့ | အိုးကို |
| ကရောတိ | ပြု၏။ |

**ရထံ ကရောတိ ။**

| | |
|---|---|
| ရထံ | ရထားကို |
| ကရောတိ | ပြု၏။ |

**ဓမ္မံ သုဏာတိ ၊**

| | |
|---|---|
| ဓမ္မံ | တရားကို |
| သုဏာတိ | နာကြား၏။ |

**ဗုဒ္ဓံ ပူဇေတိ ။**

**ဝါစံ ဘာသတိ ။**

| | |
|---|---|
| ဗုဒ္ဓံ | ဘုရားကို |
| ပူဇေတိ | ပူဇော်၏။ |

| | |
|---|---|
| ဝါစံ | စကားကို |
| ဘာသတိ | ပြောဆို၏။ |

**တဏ္ဍုလံ ပစတိ၊**

| | |
|---|---|
| တဏ္ဍုလံ | ဆန်ကို |
| ပစတိ | ချက်၏။ |

**စောရံ ဃာတေတိ ။**

| | |
|---|---|
| စောရံ | ခိုးသူကို |
| ဃာတေတိ | သတ်၏။ |

**၂၉၈။ ကာလဒ္ဓါနမစ္စန္တသံယောဂေ ။**

| | |
|---|---|
| ကာလဒ္ဓါနံ | ကာလအခွန့်တို့၏ |
| အစ္စန္တသံယောဂေ | ဒြဗ် ၊ ဂုဏ် ၊ ကြိယာ တို့နှင့် မပြတ်ယှဉ်ရာ၌ |
| ဒုတိယာ | ဒုတိယာဝိဘတ်သည် |
| ဟောတိ | ဖြစ်၏။ |

**မာသံ မံသောဒနံ ဘုဉ္ဇတိ ၊**

| | |
|---|---|
| မာသံ | တစ်လပတ်လုံး |
| မံသောဒနံ | သားမျိုးရောနှောထမင်းကို |
| ဘုဉ္ဇတိ | စား၏။ |

**သရဒံ ရမဏီယာ နဒီ ၊**

| | |
|---|---|
| သရဒံ | သရဒဥတုပတ်လုံး |
| ရမဏီယာ | မွေ့လျော်ဖွယ်ရှိသော |
| နဒီ | မြစ် |

**မာသံ သဇ္ဈာယတိ ၊**

| | |
|---|---|
| မာသံ | တစ်လပတ်လုံး |
| သဇ္ဈာယတိ | ရွတ်အံ၏။ |

**ယောဇနံ ဝနရာဇိ ၊**

| | |
|---|---|
| ယောဇနံ | တစ်ယူဇနာတိုင်အောင် |
| ဝနရာဇိ | တောရေးတည်၏။ |

**ယောဇနံ ဒီဃော ပဗ္ဗတော ၊**

| | |
|---|---|
| ယောဇနံ | တစ်ယူဇနာတိုင်အောင် |
| ဒီဃော | ရှည်သော |
| ပဗ္ဗတော | တောင် |

**ကောသံ သဇ္ဈာယတိ ။**

| | |
|---|---|
| ကောသံ | ကုလလေးတာ ငါးရာတိုင်အောင် |
| သဇ္ဈာယတိ | ရွတ်အံ၏။ |

**အစ္စန္တသံယောဂေတိ ကိမတ္ထံ ?**

| | |
|---|---|
| အစ္စန္တသံယောဂေ | ဒြဗ် ၊ ဂုဏ် ၊ ကြိယာ တို့နှင့် မပြတ်ယှဉ်ရာ၌သည် |
| ပဒံ | |
| ကိမတ္ထံ | အဘယ်နည်း။ |

**(၂၅.၇.၂၀၁၉) ကြာသာပတေး**

**၂၉၉။ ကမ္မပ္ပဝစနီယယုတ္တေ ။**

| | |
|---|---|
| ကမ္မပ္ပဝစနီယယုတ္တေ | သံ ကမ္မက ကြိယာကို ဟောတတ်သော ဥပသာရ ၊နိပါတ်ပုဒ်တို့နှင့်ယှဉ်ခြင်းသည် |
| သတိ | ရှိလတ်သော် |
| ဒုတိယာ | ဒုတိယာဝိဘတ်သည် |
| ဟောတိ | ဖြစ်၏။ |

(ကြိယာပုဒ်သည် ဥပသာရပုဒ် ၊နိပါတ်ပုဒ်များနှင့် ယှဉ်တွဲနေလျှင် 'ကမ္မပ္ပဝစနီယယုတ္တေ' သုတ်အရ ဒုတိယာဝိဘတ်သက်)

အနုပဒံ ၊' လက္ခဏနှင့်
ဣတ္ထမ္ဘူတ ၊ ချာန ၊ ဝိစ္ဆာ
ဘာဂ ၊ ဟီန ၊ သဟတ္ထ ၊ ခြောက်။
ဖြစ်မြောက် ပတိ ၊ ပရိနှစ်မှာ
ရှေ့လေးဖြာတည်း၊
ဘိမှာ ရှေ့ တြိ ၊ ခိ ၊ ဝိနာယှဉ် ၊ စသည်ထင်
များဖြင့် ကမ္မပ္ပဝစနိယ ။

<u>**အနုဥပသာရပုဒ်**</u>

(၁) ဣတ္ထမ္ဘူတ လက္ခဏ အနက် (၂) ဣတ္ထမ္ဘူတ ချာန အနက်

| | | | |
|---|---|---|---|
| (၃) | ဝိစ္ဆာ အနက် | (၄) | ဘာဂအနက် |
| (၅) | ဟီန | (၆) | သဟတ္ထအနက် |

**ပတိ ၊ ပရိ ဥပသာရပုဒ်**

| | | | |
|---|---|---|---|
| (၁) | ဣတ္ထမ္ဘူတ လက္ခဏ အနက် | (၂) | ဣတ္ထမ္ဘူတ ချာန အနက် |
| (၃) | ဝိစ္ဆာ အနက် | (၄) | ဘာဂအနက် |

**ဘိ ဥပသာရပုဒ်**

| | | | |
|---|---|---|---|
| (၁) | ဣတ္ထမ္ဘူတ လက္ခဏ အနက် | (၂) | ဣတ္ထမ္ဘူတ ချာန အနက် |
| (၃) | ဝိစ္ဆာ အနက် | | |

'ခိ' နိပါတ်ပုဒ် ၊ 'ဝိနာ' နိပါတ်ပုဒ် အစဉ်အတိုင်း ကဲ့ရဲ့ခြင်း ၊ကျင်ခြင်း အနက်သဘောတို့ကို ဟောပါသည်။

**တံ ခေါ ပန ဘဝန္တံ ဂေါတမံ ဇဝံ ကလျာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂတော ၊ ပဗ္ဗဇိတမနုပဗ္ဗဇိံသု ။**

| | |
|---|---|
| တံ ခေါ ပန ဘဝန္တံ ဂေါတမံ | ထိုအရှင်ဂေါတမကို |
| အဘိ | ရှေ့ရှုငဲ့၍ |
| ဇဝံ ကလျာဏော | ဤသို့ အရဟတာ စသည်ဖြင့် ကောင်းမြတ်သော |
| ကိတ္တိသဒ္ဒေါ | ကျော်စောသံသည် |
| ဥဂ္ဂတော | မဆုံ့ဘဝဂ်နှံ့၍တက်၏။ |
| ပဗ္ဗဇိတံ | တောထွက်သော ဘုရားလောင်းကို |
| အနု | အမှတ်ပြု၍ |
| ပဗ္ဗဇိံသု | တောထွက်သမူ ရဟန်းပြုကြကုန်ပြီ။ |

**၃၀၀။ ဂတိ ဗုဒ္ဓိ ဘုဇ ပဌ ဟရ ကရ သယာဒီနံ ကာရိတေ ဝါ ။**

| | |
|---|---|
| ဂတိ ဗုဒ္ဓိ ဘုဇ ပဌ | သွားခြင်း၊ သိခြင်း၊စားခြင်း ၊ ရွတ်ဆိုခြင်း အနက်ရှိသောဓာတ် ၊ |
| ဟရ ကရ သယာဒီနံ | ဟရဓာတ် ၊ ကရဓာတ် ၊သိအစရှိသော အကမ္မကဓာတ်တို့၏ |
| ကာရိတေ | ကာရိတ်ပစ္စည်းနှင့်ယှဉ်ခြင်းသည် |
| သတိ | ရှိလတ်သော် |
| ကမ္မနိ | သုဒ္ဓကတ္တားဖြစ်သော ကာရိတ်ကံ၌ |
| ဒုတိယာ | ဒုတိယာဝိဘတ်သည် |
| ဝါ | အချို့ |
| ဟောတိ | ဖြစ်၏။ |

ပုရိသော ပုရိသံ (ဂါမံ) ဂါမယတိ ။

| | |
|---|---|
| ပုရိသော | ယောကျ်ားတစ်ယောက်သည် |
| ပုရိသံ | ယောကျ်ားတစ်ယောက်ကို |
| (ဂါ မံ) | ရွာသို့ |
| ဂါမယတိ | သွားစေ၏။ |

**ပုရိသော ပုရိသေန ဝါ ။**

| | |
|---|---|
| ပုရိသော | ယောကျ်ားတစ်ယောက်သည် |
| ပုရိသေန | ယောကျ်ားတစ်ယောက်သို့ |
| ဝါ | ကား |

**ပုရိသော ပုရိသဿ ဝါ ။**

| | |
|---|---|
| ပုရိသော | ယောကျ်ားသည် |
| ပုရိသဿ | ယောကျ်ားသည် |
| ဝါ | ကား |
| (ဂါမံ) | ရွာသို့ |
| ဂါမယတိ | သွားစေ၏။ |

"သွားစေ၏"ဟုပြောထား၍ ၎င်းသည် 'ကာရိတ်ကြိယာဖြစ်သည်။

"ဂါမယတိ"တွင် ကာရိတ်ပစ္စည်းနှင့်ယှဉ်ခြင်း၊ သွားခြင်းအနက်နှင့် ယှဉ်ခြင်း အနက်ကြောင့် သုဒ္ဓကတ္တားဖြစ်ခဲ့ဘူးသော ကာရိတ်ကံတွင် ဒုတိယာဝိဘတ်သက် ၊

(၁) ပုရိသံ ကို

ပုရိသ လိင်တည်၊

'ကို' ဟူ၍ အနက်ပေးသောကြောင့် 'ကံ' အနက်ကို အလိုရှိရကား **"ယံ ကရောတိ တံ ကမ္မံ"** ဟူသော သုတ် ဖြင့် 'ကံ' အမည်မှည့်၊

**"ဂတိ ဗုဒ္ဓိ ဘုဇ ပဌ ဟရ ကရ သယာဒီနံ ကာရိတေ ဝါ "** ဟူသောသုတ်ဖြင့် 'သွားခြင်း' အနက်ရှိသော 'ဂမုဓာတ်'၏ ကာရိတ်ပစ္စည်း' နှင့်ယှဉ်ရာ 'ကံ' အနက်၌ ဒုတိယာ ဧကဝုစ် 'အံ' ဝိဘတ်သက်၊

ပုရိသ + အံ

ခွင်း၊ ချေ၊ ကပ်

ပုရိသံ

ကားပြီး၏။

(၂) ပုရိသဿ ကို

ပုရိသ လိင်တည်၊

'ကို' ဟူ၍ အနက်ပေးသောကြောင့် 'ကံ' အနက်ကို အလိုရှိရကား **"ယံ ကရောတိ တံ ကမ္မံ"** ဟူသော သုတ် ဖြင့် 'ကံ' အမည်မှည့်၊

**"ဂတိ ဗုဒ္ဓိ ဘုဇ ပဌ ဟရ ကရ သယာဒီနံ ကာရိတေ ဝါ "** ဟူသောသုတ်ဖြင့် 'သွားခြင်း' အနက်ရှိသော 'ဂမုဓာတ်'၏ ကာရိတ်ပစ္စည်း' နှင့်ယှဉ်ရာ 'ကံ' အနက်၌ ဒုတိယာ ဧကဝုစ် 'အံ' ဝိဘတ်သက် သင့်ငြားသော်လည်း ဝါသဒ္ဒါက တားမြစ်သောကြောင့် မသက်ရ၊

"ဒုတိယာ ပဉ္စမီ တဥ္စ" ဟူသောသုတ်ဖြင့် ဆဋ္ဌီဧကဝုစ် 'သ' ဝိဘတ်သက်၊

ပုရိသ + သ

"သာဂမော သေ " ဟူသောသုတ်ဖြင့် ...

'သ' ဝိဘတ်ကြောင့်နောက်၌ 'သ' လာ၊

ပုရိသဿ

ကားပြီး၏။

ကာရိတ်ကံမှာ ဒုတိယာ၊ တတိယာ၊ ဆဋ္ဌီ ဝိဘတ်သက်၊

**ဇဝံ ဖောယေတိ ၊ဘောဇယတိ ၊ ပါဋ္ဌယတိ ၊ဟာရယတိ ၊ ကာရယတိ ၊ သယာပယတိ ။**

ဇဝံ ဖောယေတိ ၊ ဘောဇယတိ ၊ ပါဋ္ဌယတိ ၊ ဟာရယတိ ၊ ကာရယတိ ၊ သယာပယတိ ။

ဤသို့ သိစေ၏။ စားစေ၏။ ရွတ်ဆိုစေ၏။ ဆောင်စေ၏။ ပြုစေ၏။ အိပ်စေ၏။

**ဇဝံ သဗ္ဗတ္ထ ကာရိတေ ၊**

ဤအတူတည်း အလုံးစုံသော ကာရိတ်ပစ္စည်းနှင့် ယှဉ်ရာ၌

**၃၀၁။ သာမိသ္မိံ ဆဋ္ဌီ ။**

| | |
|---|---|
| သာမိသ္မိံ | သမ္ဗာန်အနက်၌ |
| ဆဋ္ဌီ | ဆဋ္ဌီဝိဘတ်သည် |
| ဟောတိ | ဖြစ်၏။ |

**တဿ ဘိက္ခုနော ပဋိဝီသော ၊** **တဿ ဘိက္ခုနော ပတ္တော ၊**

| | | | |
|---|---|---|---|
| တဿ ဘိက္ခုနော | ထိုရဟန်း၏ | တဿ ဘိက္ခုနော | ထိုရဟန်း၏ |
| ပဋိဝီသော | အဖို့ ၊ | ပဋိဝီသော | အဖို့ ၊ |

**တဿ ဘိက္ခုနော စီဝရံ ၊** **အတ္တနော မုခံ ၊**

| | | | |
|---|---|---|---|
| တဿ ဘိက္ခုနော | ထိုရဟန်း၏ | အတ္တနော | မိမိ၏ |
| စီဝရံ | သင်္ကန်း | မုခံ | မျက်နှာ |

(၁) တဿ ကို

တ လိင်တည်၊

'၏ ' ဟူ၍ အနက်ပေးသောကြောင့် 'သာမီ 'အနက်ကို အလိုရှိရကား **"ယဿ ဝါ ပရိဂ္ဂဟော တံ သာမီ"** ဟူသော သုတ် ဖြင့် 'သာမီ ' အမည်မှည့်၊

**"သာမိသ္မိံ ဆဋ္ဌီ"** ဟူသောသုတ်ဖြင့် 'သာမီ 'အနက်၌ ဆဋ္ဌီ ဧကဝုစ် 'သ ' ဝိဘတ်သက် ၊

တ + သ

"သာဂမော သေ " ဟူသောသုတ်ဖြင့် ...

'သ' ဝိဘတ်ကြောင့်နောက်၌ 'သ' လာ၊

တဿ

ကားပြီး၏။

(၂) ဘိက္ခုနော ကို

ဘိက္ခု လိင်တည်၊

'၏' ဟူ၍ အနက်ပေးသောကြောင့် 'သာမီ' အနက်ကို အလိုရှိရကား **"ယဿ ဝါ ပရိဂ္ဂဟော တံ သာမီ"** ဟူသော သုတ် ဖြင့် 'သာမီ' အမည်မှည့်၊

**"သာမိသ္မိံ ဆဋ္ဌီ"** ဟူသောသုတ်ဖြင့် 'သာမီ' အနက်၌ ဆဋ္ဌီ ဧကဝုစ် 'သ' ဝိဘတ်သက်၊

ဘိက္ခု + သ

"ဩဝဏ္ဏာဝဏ္ဏာ ဈလာ" ဟူသောသုတ်ဖြင့် 'ဥ' ကို 'လ' အမည်မှည့်

ဘိက္ခု + သ
↘
(လ)

" ဈလတော တဿ နောဝါ"သုတ်ဖြင့် 'လ' မှနောက်ဖြစ်သော 'သ' ဝိဘတ်ကို 'နော' ပြု၊

ဘိက္ခု နော

ကားပြီး၏။

**၃၀၂။ ဩကာသေ သတ္တမီ ။**

| | |
|---|---|
| ဩကာသေ | ဩကာသကာရက သည် |
| သတ္တမီ | သတ္တမီဝိဘတ်သည် |
| ဟောတိ | ဖြစ်၏။ |

**ဂမ္ဘီရေ ဩဒကန္တိကေ ။**

| | |
|---|---|
| ဂမ္ဘီရေ | နက်သော |
| ဩဒကန္တိကေ | ရေအဆုံး၌ |

(၁) သြဒကန္တိကေ ကို

သြဒကန္တိက လိင်တည်၊

'၌' ဟူ၍ အနက်ပေးသောကြောင့် 'သြကာသ' အနက်ကို အလိုရှိရကား **"ယောဓာရော တမောကာသံ"** ဟူသော သုတ်ဖြင့် 'သြကာသ' အမည်မှည့်၊

**"သြကာသေ သတ္တမီ"** ဟူသောသုတ်ဖြင့် 'သြကာသ' အနက်၌ သတ္တမီဧကဝုစ် 'သ္မိံ' ဝိဘတ်သက်၊

သြဒကန္တိက + သ္မိံ

"သ္မာ သ္မိံ နံ ဝါ " ဟူသောသုတ်ဖြင့်....

နောက် 'သ္မိံ' ဝိဘတ်ကို 'ဧ' ပြု၊

သြဒကန္တိကေ

ကားပြီး၏။

**ပါပသ္မိံ ရမတိ မနော ။**

ပါပသ္မိံ မကောင်းမှု၌

မနော စိတ်သည်

ရမတိ မွေ့လျော်၏။

(၂) ပါပသ္မိံ ကို

ပါ ပ လိင်တည်၊

'၌' ဟူ၍ အနက်ပေးသောကြောင့် 'သြကာသ' အနက်ကို အလိုရှိရကား **"ယောဓာရော တမောကာသံ"** ဟူသော သုတ်ဖြင့် 'သြကာသ' အမည်မှည့်၊

**"သြကာသေ သတ္တမီ"** ဟူသောသုတ်ဖြင့် 'သြကာသ' အနက်၌ သတ္တမီဧကဝုစ် 'သ္မိံ' ဝိဘတ်သက်၊

ပါ ပ သ္မိံ

ကားပြီး၏။

**ဘဂဝတိ ဗြဟ္မစရိယံ ဝုသတိ ကုလပုတ္တော ။**

ကုလပုတ္တော အမျိုးကောင်းသားသည်

ဘဂဝတိ ——— မြတ်စွာဘုရားအထံတော်၌

ဗြဟ္မစရိယံ ——— မြတ်သောအကျင့်ကို

ဝုသတိ ——— ကျင့်သုံးနေ၏။

(၃) ဘဂဝတိ ကို

ဘဂဝတန္တု လိင်တည်၊

'၌' ဟူ၍ အနက်ပေးသောကြောင့် 'သြကာသ' အနက်ကို အလိုရှိရကား **"ယောဓာရော တမောကာသံ"** ဟူသော သုတ်ဖြင့် 'သြကာသ' အမည်မှည့်၊

**"သြကာသေ သတ္တမီ"** ဟူသောသုတ်ဖြင့် 'သြကာသ' အနက်၌ သတ္တမီဧကဝုစ် 'သ္မိံ' ဝိဘတ်သက် ၊

ဘဂဝန္တု + သ္မိံ

"တော တိ တာ သ သ္မိံ နာသု " ဟူသောသုတ်ဖြင့်....

နောက် 'သ္မိံ' ဝိဘတ်ကြောင့် 'န္တု' ပစ္စည်းကို ဝိဘတ်နှင့်တကွ 'တိ' ပြု။

ဘဂဝတိ

ကားပြီး၏။

**၃၀၃။ သာမိဿရာဓိပတိ ဒါယာဒ သက္ခီ ပတိဘူ ပသုတကုသလေဟိ စ ။ (ဝိဘတ်..၂..မျိုး)**

| | |
|---|---|
| သာမိဿရာဓိပတိ | သာမိသဒ္ဒါ ၊ ဣဿရသဒ္ဒါ ၊အဓိပတိသဒ္ဒါ |
| ဒါယာဒ သက္ခီ | ဒါယာဒ သဒ္ဒါ ၊ သက္ခိသဒ္ဒါ ၊ |
